မြဝတီ နေ့စဉ်
ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံး ဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌ တည်သော တရားသူကြီးဟု ဆိုအပ်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၉၅) ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကိုရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ ခိုင်မာရန်လည်းလိုအပ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။


နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီဦစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပြိုင်ပွဲဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၁၅ ကော်လံ ၁ ★



အားကောင်းသောလေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည်

စာမျက်နှာ ၁၄ ကော်လံ ၅ ➡

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများ စမ်းသပ်အသုံးပြုနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် 5G ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှုများစမ်းသပ်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဆက်သွယ်ရေးစခန်းများတွင် 5G ဆက်သွယ်ရေးနည်းပညာ အကောင်အထည်ဖော်နေမှု၊

စာမျက်နှာ ၁၄ ကော်လံ ၁ ➤

ရောဝတီတိုင်းဒေသကြီးတွင် မြန်မာ့ပေါ်ဆန်းစပါးကို အများဆုံးစိုက်ပျိုးထား

ရန်ကုန် အောက်တိုဘာ ၂၉

ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီးတွင်အများဆုံး စိုက်ပျိုးထားပြီး ပေါ်ဆန်းစပါး ဧက ၁၃ သိန်းကျော် စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။



စာမျက်နှာ ၁၄ ကော်လံ ၁ ●

ဆောင်းပါး

မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များ ပေါ်ထွန်းလာရေး

စာ - ၁၂ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်

ပျော်ရွှင်ကြည်နူးဖွယ်ရာပြိုင်ပွဲကြီး

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားများအလိုက် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုလည်း အောက်တိုဘာလ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)ကျောက်စိမ်းခန်းမ၌ကျင်းပခဲ့ပြီးဖြစ်သည်။ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပပုံများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမဂီတများကို ပိုင်ဆိုင်လာခဲ့ခြင်းဖြစ်သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိနေခြင်းမှာ မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တင့်တယ်စေခြင်းဖြစ်သည်။

မြန်မာ့သမိုင်း၏အစောပိုင်းကာလဖြစ်သော ခရစ်နှစ်ငါးရာစုခန့်ကပင် ပျူလူမျိုးတို့သည် စာပေတတ်မြောက်နေပြီဖြစ်ပြီး ယဉ်ကျေးမှုသည်လည်း များစွာအဆင့်အတန်းရှိနေပြီဖြစ်သည်။ အဆိုပါအချက်ကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့မှရရှိသော ပစ္စည်းလက်ရာ၊ ကျောက်စာအထောက်အထားများအရ သိရှိရသည်။ ထို့ပြင် ခေတ်ပြိုင်ဖြစ်သော တရုတ်မှတ်တမ်းများအရ ပျူတို့၏ တေးဂီတမှာ အလွန်နှစ်သက်စွဲလမ်းဖွယ်ကောင်းကြောင်း လေ့လာသိရှိရသည်။

မြန်မာလူမျိုးများသည် သူ့ခေတ်နှင့်သူပင် ခေတ်အလျောက် ကျရောက်လာသောယဉ်ကျေးမှုတာဝန်များကို ကျေပွန်သည်ထက် ကျေပွန်အောင်ထမ်းဆောင်ကြရင်း ယဉ်ကျေးမှုအသီးအပွင့်များကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားအားထုတ်လျက်ရှိကြသည်။ အလွန်ပင်ခမ်းနားကြီးကျယ်လှသော ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၉၃ ခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး စတင်ကျင်းပခဲ့သည်။ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းလျက် ယခုအခါ (၂၇)ကြိမ်မြောက်သို့ရောက်ရှိလာခြင်းဖြစ်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဦးတည်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၆၅ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တန်းထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့ပြင် မိမိတို့၏ဆောင်ရွက်မှုသည် တခြားတိုင်းရင်းသားလူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။" ဟူ၍ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အနုပညာဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မထိပါးစေဘဲ စည်းလုံးညီညွတ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် ရည်ရွယ်ချက်မြင့်မားစွာထားရှိလျက် ကျင်းပပေးခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အလွန်ပင်စည်ကားသိုက်မြိုက်ခမ်းနားလှပေရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်များ၊ ပညာရှင်များအားလုံး မိမိတို့တတ်ကျွမ်းထားသော အနုသုခုမပညာရပ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ခဲ့ကြပြီဖြစ်ပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်း ဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည်ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် တောင်သူများ၏စိုက်ပျိုးရေးလုပ်ငန်း ထိခိုက်ပျက်စီးမှုမဖြစ်ပွားစေရေး အသိပညာပေး

ပခုက္ကူ အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် တောင်သူများ၏စိုက်ပျိုးရေးလုပ်ငန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၉ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပခုက္ကူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်နှင့်ဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် စိုက်ပျိုးရေမလုံလောက်ခြင်းများဖြစ်ပေါ်နိုင်မှုများ၊ စိုက်ပျိုးရေအသုံးချမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံများ စနစ်တကျ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းထိခိုက်မှု မရှိစေရေးနှင့် အယ်လ်နီညိုရာသီဥတုသက်ရောက်မှုလျော့ချနိုင်ရေး အကြောင်းတို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးရာ တောင်သူများက သိရှိလိုသည်များမေးမြန်းကာ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း သတိပြုလိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား တောင်သူများထံ ဖြန့်ဝေပေးကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

သင်္ဃန်း(FM)အသံလွှင့် အစီအစဉ်
၃၀-၁၀-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ ဥယျာဉ်မှူးတို့သိမှတ်စရာ
၂။ ၁၀:၀၀ လောကနီတိ
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ မြန်မာသံစဉ်(ကာလပေါ်တေး)

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေငယ်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

သင်တန်းဆင်း မောင်မယ်များအနေဖြင့် တာဝန်ကျရာဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ရှိပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲတွင် သင်တန်းဆင်းလူငယ်များကို မှာကြားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပညာရေးတာဝန်များကိုထမ်းဆောင်သည့်အခါ နိုင်ငံ့ဝန်ထမ်း၌ပဒေး၊ နည်း၌ပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ကျေးဇူးတရားကိုသိရှိကာ မိမိတို့တာဝန်ကျရာဒေသများရှိ တိုင်းရင်းသားလူငယ်များကိုအနာဘက် နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်မည့် လူစွမ်းအားအရင်းအမြစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာ ဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာဘွဲ့) ဆုရကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးကိုလေးက စာပေဘာသာထူးချွန်ဆု(သိပ္ပံဘွဲ့)၊ စာပေဘာသာထူးချွန်ဆု(ဝိဇ္ဇာဘွဲ့) ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက တိုင်းရင်းဘာသာစာပေနှင့်ယဉ်ကျေးမှု ထူးချွန်ဆု၊ ဖွံ့ဖြိုးရေးဘာသာ ထူးချွန်ဆုရ ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး တိုင်းပညာရေးမှူးက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၁၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍အားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ THEATRE ခန်းမ၌အောက်တိုဘာကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ အထွေထွေဗဟုသုတယှဉ်ပြိုင်နေမှု၊ တက္ကသိုလ်စာကြည့်တိုက်အကြီးစား ပြင်ဆင်နေမှု၊ သက်သာချောင်ချိရေး အရောင်းဆိုင်၊ မွေးမြူရေးအစာစပ်စက်ရုံ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ မိုးလုံလေလုံ အားကစားရုံခန်းမ၌ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသူများ လေ့ကျင့်နေမှုဥစားကြက်၊ အသားစားကြက်၊ ဝက်မွေးမြူရေးနှင့် ငါးခူမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည်သင်ထန်းဆင်းကျောင်းသား၊ ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

နယ်စပ်ဒေသများရှိတိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရပ်များ တတ်မြောက်စေပြီး ၎င်းတို့၏ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကျင်းပနိုင်ရေးဆွေးနွေး

ပဲခူး အောက်တိုဘာ ၂၉

ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ ဂေါပကရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ငါးနှစ်တစ်ကြိမ်ပြုလုပ်သည့် ပဲခူးမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အသီးသီးက လည်း ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ အများကောင်းမှုကုသိုလ်ပြုသည့်လုပ်ငန်းများဖြစ်၍ အားလုံးပါဝင်နိုင်ရေးနှင့် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့်လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းစဉ်များအလိုက် လိုအပ်ချက်များအား တင်ပြခဲ့ကြသည်၊ ၎င်းနောက်ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များက ရင်ပြင်တော်ပေါ်၌ ဆောင်ရွက်မည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ စတုဒိသာကျွေးမွေးခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် အသေးစိတ်ဖြည့်စွက်မှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား

ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၉



လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအတွက် နှစ်နိုင်ငံရေးထိုးထားသည့် Roadmap ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ယမန်နေ့ မွန်းလွဲပိုင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးက မိမိတို့နိုင်ငံတွင် နျူကလီးယားနှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးမှ လျှပ်စစ်ဓာတ်အားအဓိကထုတ်လုပ်ကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ အတွေ့အကြုံများစွာရှိကြောင်း၊ သဘာဝဓာတ်ငွေ့ကို ရုရှားနိုင်ငံမှ ဝယ်ယူသုံးစွဲနေရသဖြင့် ရှာဖွေထုတ်လုပ်ရေးပိုင်းတွင် အတွေ့အကြုံ မရှိသော်လည်း သဘာဝဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးမှုနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်၊ ဖြန့်ဖြူးမှုတို့တွင် မိမိတို့အနေဖြင့် အကောင်းဆုံးသောနည်းပညာများ ရှိပြီးဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့အတူပြည်ထောင်စုဝန်ကြီးက နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်နိုင်ရန်အတွက် ပရော်ဖက်ရှင်နယ် ကျွမ်းကျင်လုပ်သားများနှင့် အင်ဂျင်နီယာများအား လေ့ကျင့်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ ဓာတ်အားပေးစက်ရုံများသို့ On Job Training စေလွှတ်သွားလိုကြောင်း၊ မကြာမီအချိန်တွင် မြန်မာနိုင်ငံ၌ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ကို စတင်အသုံးပြုတော့မှာဖြစ်သည့်အတွက် ပို့လွှတ်ရေးနှင့် စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုစနစ်ကျနိုင်ရန်အတွက် ကျွမ်းကျင်သောအင်ဂျင်နီယာများကို စေလွှတ်၍ လုပ်ငန်းခွင်လက်တွေ့သင်တန်းများ သင်ကြားပေးစေလိုကြောင်း၊ မဟာဓာတ်အားလိုင်းများအပါအဝင် ဓာတ်အားလိုင်းများနှင့် Switchyard များ၊ Transformer များတွင် နည်းပညာဆိုင်ရာ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မိမိတို့အသုံးပြုနေသည့် သက်တမ်းကြာမြင့်နေပြီဖြစ်သော High Tension ကေဘယ်ကြိုးများကို ဘယ်လာရုစ်သမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လျှပ်ကူးမှု ပိုမိုကောင်းမွန်ပြီး ကြံ့ခိုင်မှုကောင်းသည့် Composite ကေဘယ်များဖြင့်အစားထိုးလဲလှယ် အသုံးပြုသွားရန် စိတ်ဝင်စားကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဆုံးရှုံးလေလွင့်မှုများ လျှော့ချနိုင်ရေးအတွက် အမြန်ဆုံးပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ ဓာတ်မြေဩဇာစက်ရုံများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အောက်တိုဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍတွင် အသုံးပြုသည့် ထရန်စဖော်မာများ ထုတ်လုပ်သည့် စက်ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးသည့် ကွန်ရက်များအား Design ပြုလုပ်သည့် ဌာန၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ပို့လွှတ်၊ ဖြန့်ဖြူးနေသည့် Control Center များ၊ လျှပ်စစ်ကေဘယ်ကြိုးများ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ရေနံဓာတုဗေဒလုပ်ငန်းတို့ကို သွားရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြဝတီ**

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိခရမ်းကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစစ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောသံဃာတော်များအားနယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့်မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝလျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက်ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအားပထမဆု၊ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်ထဲတွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-



"ကျွန်မတို့ ဒီနေ့မှာ ကျောင်းသားအင်အား ၄၀၀ နဲ့ အုပ်ချုပ်သူဆရာမ ၂၀ တို့နဲ့အတူ နိုင်ငံတော်က စီစဉ်ပေးတဲ့အတိုင်း စစ်သမိုင်းပြတိုက်ကို လာရောက်ပြီးတော့ excursion ထွက်တာဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်မတို့လာရောက်လေ့လာခွင့်ရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေဟာ ပထမမြန်မာနိုင်ငံတော် ကနေစလို့ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကနေ ယနေ့မြန်မာနိုင်ငံတော်ကြီးအထိ အကြီးအကဲတွေရဲ့ နိုင်ငံတော်ကို အဆင့်ဆင့် တည်ဆောက်ခဲ့ကြပုံ၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပုံတွေကို သားတွေ၊ သမီးတွေဟာ ဗဟုသုတအနေနဲ့ အများကြီး ရရှိခဲ့ပါတယ်။ နောက်တစ်ခါ ဒီနိုင်ငံရဲ့ သမိုင်းကြောင်းတွေကိုလည်း သူတို့က ဗဟုသုတအဖြစ် အများကြီးကို ရရှိခဲ့တာဖြစ်ပါတယ်။ အခုလိုမျိုး လာရောက်လေ့လာရတဲ့အခါမှာ သူတို့စာပေထဲမှာ သင်ကြားရတာတွေနဲ့ လက်တွေ့မှာမြင်တွေ့ခဲ့ရတာတွေကို ပေါင်းစပ်ပြီးတဲ့အခါ ပိုပြီးတော့ ဗဟုသုတရရှိစေပါတယ်။ နောက်ပြီးတော့ လေယာဉ်အင်ဂျင်ကြီးတွေရဲ့ တည်ဆောက်ပုံတွေ၊ သဘော်ကြီးတွေရဲ့တည်ဆောက်ပုံတွေကိုလည်း အနီးကပ်ပစ္စည်း တကယ့်အစစ်အမှန်တွေကို လေ့လာခွင့်ရတဲ့အတွက် အထူးပဲ ဗဟုသုတတွေရရှိစေပါတယ်" ဟု ပြောသည်။

"ကျွန်တော်ဘာတော့နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှာ Grade-11 ပညာသင်ကြားနေတဲ့ မောင်စည်သူမိုး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဒီနေ့ excursion အနေနဲ့ နေပြည်တော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရပါတယ်။ အဲ့ဒီလို လာရောက်တဲ့အခါမှာ တပ်မတော်စတင်ဖွဲ့စည်းပုံသမိုင်းကြောင်းတွေအပြင် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရရှိခဲ့တဲ့ အဆင့်ဆင့်သမိုင်းတွေကို အများကြီးသိရှိခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ မမြင်ဖူးတဲ့ လေယာဉ်တွေ၊ ရေယာဉ်တွေ၊ ဂျက်လေယာဉ်တွေကို မျက်မြင်တွေ့ရှိလေ့လာခွင့်ရခဲ့ပါတယ်။ စစ်လက်သုံးပစ္စည်းတွေ ကျွန်တော်တို့မမြင်ဖူးတဲ့ လက်နက်၊ နည်းပညာတွေကို လေ့လာလိုက်ရပါတယ်။ကျွန်တော်ဘာတိုက်ရှိ သံဃာတော်များအား ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ မရွှေပိုးသွင်ပါဖြစ်ပါတယ်။ နိုင်ငံတော်က စစ်သမိုင်းပြတိုက်ကို လေ့လာရေးခရီးတစ်ခုအနေနဲ့ စီစဉ်ပေးတဲ့အတွက် သမီးတို့အနေနဲ့ အသိပညာဗဟုသုတတွေအများကြီး ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ကို ဘယ်လို စတင်ဖွဲ့စည်းခဲ့တယ်၊ တပ်မတော်ခေါင်းဆောင်ကြီးတွေ အဆင့်ဆင့် ဘယ်လိုဖွဲ့စည်းတည် ဆောက်ခဲ့တယ်ဆိုတာတွေအပြင် မြန်မာ့လွတ်လပ်ရေးကို မြန်မာနိုင်ငံသားအားလုံးက တက်ညီလက်ညီနဲ့ မျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ လွတ်လပ်ရေးရအောင် ဘယ်လိုကြိုးပမ်းခဲ့ကြတယ်ဆိုတာကို သိရှိခဲ့ရပါတယ်။





အရင်တုန်းက ကလေးဘဝကသိခဲ့ရတဲ့ အသိအပြင် အခုဒီရောက်တော့မှ ဗိုလ်ချုပ်မှူးကြီးတွေရဲ့ အမည်တွေနဲ့ ရဲဘော်သုံးကျိပ် သမိုင်းကြောင်းအချက်အလက် အသေးစိတ်တွေကို ပိုမိုသိရှိခဲ့ရပါတယ်။ စစ်သမိုင်းပြတိုက်ထဲက indoor ရော outdoor ပါ ပြခန်းတွေအားလုံးကို လှည့်လည်ကြည့်ရှုခဲ့ရပြီး သူငယ်ချင်းတွေနဲ့အတူ ဓာတ်ပုံတွေရိုက်ရင်း အရမ်းလည်း ပျော်ရွှင်ခဲ့ရပါတယ်။ indoor ပြခန်းတွေမှာရှိတဲ့ လေယာဉ်အစိတ်အပိုင်းတွေ၊ အတွင်းပိုင်း၊ အပြင်ပိုင်း တည်ဆောက်ပုံတွေကိုလည်း အသေးစိတ်လေ့လာခွင့်ရခဲ့ပါတယ်။ အခုလို လေ့လာရေးခရီးစီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

(၁၀၀)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

လည်း ပါဝင်ကြောင်း။

၂၁ ရာစုခေတ်တွင် ဆက်သွယ်ရေးနှင့်နည်းပညာ ပေါင်းစပ်နိုင်မှုကြောင့် အင်တာနက်ကို ကောင်းစွာအသုံးပြုလာနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများသည် နယ်စည်းမခြားတိုးပွားလာနေကြောင်း၊ ယင်းအခြေအနေတွင် မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကို လိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေါ်ပေါ်ဆဆမထားကြရန်လိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးရည်မှန်းချက်ကို ဖော်ဆောင်ပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်သဖြင့် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အနုပညာရှင်ကြီးများနှင့် အကဲဖြတ်အဖွဲ့ဝင်များအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူနေကြမည်ဟု ယုံကြည်ကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှု၊ ပြိုင်ပွဲဝင်မျိုးဆက်သစ်အနုပညာရှင် လူငယ်များ၏ တက်တက်ကြွကြွ ကြိုးပမ်းအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကြောင့် မျှော်မှန်းထားသည်ထက်ပိုမိုအောင်မြင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု(၁၉၅)ခု၊ ငွေတံဆိပ်ဆု(၁၆၇)ခု၊ ကြေးတံဆိပ်ဆု(၁၆၅)ခု၊ နှစ်သိမ့်ဆု(၂)ခုနှင့် အထူးဆု(၂)ခု စုစုပေါင်း (၅၃၁)ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်ရောအနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်စေရေးအတွက် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့် အတွက်နိုင်ငံတော်အနေဖြင့်ကျေးဇူးတင်ဂုဏ်ပြုသည်ကို အလေးအနက် ပြောကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စားဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်းခွဲ့ခွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

❖ **ဆုရရှိမှုကိုကြည့်မည်ဆိုပါကလည်း ရွှေတံဆိပ်ဆု(၁၉၅)ခု၊ ငွေတံဆိပ်ဆု (၁၆၇)ခု၊ ကြေးတံဆိပ်ဆု(၁၆၅)ခု၊ နှစ်သိမ့်ဆု(၂)ခုနှင့် အထူးဆု (၂)ခု စုစုပေါင်း (၅၃၁)ဆုအထိ တိုးမြှင့်ချီးမြှင့်နိုင်ခဲ့သောကြောင့် အားရကျေနပ်ဖွယ်ရာဖြစ် . . .**

❖ **နိုင်ငံတော်အနေဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် အသွင်သဏ္ဌာန်ရောအနှစ်သာရပါပိုမိုပြီး အမျိုးသားရေးအဓိပ္ပာယ် ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပပေးလျက်ရှိ . . .**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်စွာရပ်တည်နိုင်ရေးအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး တည်ဆောက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း လိုအပ်သည့် မိမိတို့၏ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ လူမှုရေးကျင့်ဝတ်နှင့်တန်ဖိုးများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတို့ကိုလည်း စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အတီးပြိုင်ပွဲကြီး၏ အောင်မြင်မှုကို အခြေခံပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုရှင်သန်ထွန်းကားလာစေရေး အနုပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အနုပညာရှင်ကြီးများ၏ကြိုးပမ်းအားထုတ်မှုများကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းနေမှုသည် အနာဂတ်နိုင်ငံတော်အတွက်ထူးခြားကောင်းမွန်သည့် အစဉ်အလာများ ပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးများ၏ အကျိုးကျေးဇူးကြောင့်လည်း ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အနုပညာရှင်များ **စာမျက်နှာ ၆ သို့** ❍



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါက်တာမောင်မောင်လတ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ ကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

❖ မျိုးဆက်သစ်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာရှင်သန်နေစေရေး အနုပညာရှင်များနှင့် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် . . .

❖ လူငယ်အချို့ ခေတ်ရေစီးကြောင်းနောက်ကိုလိုက်ပါရင်း ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို လျစ်လျူရှုလာနိုင်သည့်အတွက် ယင်းအခြေအနေကို ပေါ့ပေါ့ဆဆမထားကြရန်လို . . .



(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုဈာစားပွဲအခမ်းအနား၌ တိုင်းရင်းသားရိုးရာအကအဖွဲ့က ကပြဖျော်ဖြေတင်ဆက်စဉ်။

တွင်ဝါရင့်တေးသံရှင် စည်သူဒေါ်ထား က အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မတီမ်ပန်းချီမိုးဆန်းနှင့်တွဲဖက်၍လည်းကောင်း၊ ဝါရင့်တေးသံရှင် တက္ကသိုလ်လွဲလွဲ က အဆိုပြိုင်ပွဲ (ခေတ်ဟောင်း/ကာလပေါ်) အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ပထမဆုရရှိခဲ့သည့် မသျှန်ယွန်းဖြူနှင့် တွဲဖက်၍လည်းကောင်း မျိုးဆက်သစ်များသို့ အနုပညာအမွေ လက်ဆင့်ကမ်းကာ ပါဝင်သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် လက်ဆင့်ကမ်းအမွေအစီအစဉ်အဖြစ် အသက် ၆၈ နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့် အသက်၆၂နှစ်ရှိသဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွေးတို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်များဖြစ်ကြသည့် ဒေါက်တာမောင်မောင်လတ်၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးစောဝင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများကိုယ်စား ရှမ်းပြည်နယ်မှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌဦးဖိုးချစ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျေးလက်ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်ကြီးများက တေးသံသာများဖြင့် သီဆို၊ ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ဖျော်ဖြေတင်ဆက်ကြရာ သဘင်ပညာရှင် ရွှေတံဆိပ်များရှင် တက္ကသိုလ်အားမာန်နှင့် ဝင်းသပြေထွန်း(ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရကရင်ပြည်နယ်မှ မောင်မင်းကျဲဉာဏ်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရရှမ်းပြည်နယ်မှ မချောစုထွေးတို့က ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

❍ **စာမျက်နှာ ၅ မှ**

အများအပြားပေါ်ထွန်းလာနေသည်မှာ အားရဖွယ်ရာဖြစ်ကြောင်း၊ ယင်းသည် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများထံမှ အနုပညာအမွေများကို လက်ဆင့်ကမ်းပေးအပ်နိုင်မည့် အမွေခံထိုက်သည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများပေါ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် ပြိုင်ပွဲကြီးကြပ်သူ ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မျိုးဆက်သစ် အနုပညာရှင်များအားလုံးနှင့် အနုပညာမျိုးဆက် အဆက်ဆက် အတွက်အကျိုးကျေးဇူးဖြစ်ထွန်းစေပြီး နိုင်ငံနှင့်လူမျိုးအတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနေသည်ကို အားရကျေနပ်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်အောင်ကျင်းပပြီး ပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများ ကျယ်ပြန့်နက်ရှိုင်းစွာ တိုးပွားဖြစ်ထွန်းလာစေရေး ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ်အနုပညာရှင်များအပေါ် သားသမီးများသဖွယ်မေတ္တာထားပြီး အနုပညာအမွေဆက်လက်ဖြန့်ဝေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများနှင့် ပါဝင်ဆောင်ရွက်သူအားလုံးကို ထပ်မံကျေးဇူးတင်ဂုဏ်ပြုလိုကြောင်း၊ လေးစားဂုဏ်ယူရသည့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြပါစေကြောင်း၊ မိမိတို့အသက်ထက်ဆုံး လေးစားမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာအနုပညာရပ်များ ရှေးရိုးအစဉ်အလာမပျက် ဆက်လက်ရှင်သန်ထွန်းကားနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်ကြပါစေကြောင်း၊ မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ နောင်မျိုးဆက်များအထိဆက်လက်ရှင်သန်ထွန်းကားပြီး မျိုးဆက်သစ်အနုပညာရှင်များလည်း အဆက်မပြတ်ပေါ်ထွန်းလာကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဒေါ်ရွှေကူနန်းခွဲ့ခွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာဦးအောင်ထင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ အလင်္ကာကျော်စွာ

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



မကွေး အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကကြီးမှူး၍ မကွေးမြို့မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ် (၂၅၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက မြသလွန်စေတီတော်ရင်ပြင်တော်၌ကျင်းပရာမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာရှင်အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မကွေးမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများမှသံဃာတော်များနှင့် သီလရှင်များစုစုပေါင်း ၁၂၈ ပါး တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်တော်များ၊ ဝတ္ထုဒွေများ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာ၊ အချိုရည်၊ ဖယောင်းတိုင်၊ အမွေးတိုင် စသည့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်မြသလွန်စေတီတော်မြတ်ကြီးအား ပူဇော်သောအားဖြင့် ဧရာဝတီမြစ်ကမ်းနံဘေး River View Point Pavilion အနီးတွင် ဒေသခံပြည်သူများနှင့်အတူရောင်စုံမီးကြာခွက်များကို ဧရာဝတီမြစ်အတွင်းသို့မီးမျှောပူဇော်ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်

ပဲခူး အောက်တိုဘာ ၂၉

ပဲတီစိမ်းသီးနှံ ပိုးသတ်ဆေးဓာတ်ကြွင်းကင်စင်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် ၂၀၂၆ ခုနှစ် GAP စနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအား သဘာဝရွက်ဖျန်းမြေဩဇာများကို ယနေ့ နံနက်ပိုင်းတွင် ကဝမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာသည့် တောင်သူများအား သဘာဝရွက်ဖျန်းမြေဩဇာများကို ယနေ့ နံနက်ပိုင်းတွင် ကဝမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာသည့် တောင်သူများအား သဘာဝရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်ကြပြီး ပိုးသတ်ဆေးဓာတ်ကြွင်းစစ်ဆေးခြင်းသရုပ်ပြသမှုနှင့် မျိုးကောင်းမျိုးစေ့များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုကာ ပြည်တွင်း၊ ပြည်ပမှစားသုံးသူများအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးအသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ်ကမဘဘုတ်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးကျော်ဝင်း၏အသားစားကြက်ကောင်ရေ ၁၁၂၀၀၀ အောင်မြင်စွာ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဥစားကြက်တိုးချဲ့မွေးမြူနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ နွေစပါးစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှုနှင့် ရစ်ကန်လေးကျေးရွာအုပ်စု၌ ဆောင်းပဲတီစိမ်းနှင့် ပဲပုပ်သီးနှံစိုက်ပျိုးနိုင်ရေး မြေယာပြုပြင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး မြေအစိုဓာတ်ရှိချိန်၌ အချိန်မီစိုက်ပျိုးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပဲခူးမြို့နယ် အိုးဘိုကျေးရွာအနီး၌ AI နည်းပညာသုံး ခေတ်မီစိုက်ပျိုးရေးစပါးအထူးဇုန်အကောင်အထည်ဖော်နိုင်ရေး အာကာသအရောင်စီမှ Lot Device များတပ်ဆင်ပြီးစီးမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။

ဥသာတိုင်းသား

၂၉-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့်ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်းခွဲဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရပါသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။

မြဝတီ

မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



မအူပင် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ငါးကြီးဂရက်ကျေးရွာရှိကွင်းအမှတ် (၇၅၄) တောင်သူ ဒေါ်စန်းရီ၏ လယ်မြေရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သရုပ်ပြကြီးကြပ်စိုက်ပျိုးသည့် ဆင်းသုခစပါးမျိုး၊ High Yield Potential စံပြကွက်၌ ဆောင်ရွက်ခဲ့ရာ အစိုအထွက်နှုန်း ၁၂၈ ဒသမ ၉၀ တင်းနှင့် အခြောက်အထွက်နှုန်း ၁၂၂ တင်းထွက်ရှိသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးတို့က လိုအပ်ချက်များကိုဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးသိန်းထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်မျိုးတင်၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများတက်ရောက်ကြောင်း သိရသည်။

စန်းစန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ်ထုတ်ချေး

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၉

ကရင်ပြည်နယ်ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမ အကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းတွင်အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စနစ်ကျသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက နန်းဖာဖော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြေးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒသမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇၃ သိန်းအား အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားကြောင်း သိရသည်။

ချမ်းမြေ့

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄°C	/	၃၅°C
ရန်ကုန်	၂၄°C	/	၃၁°C
မန္တလေး	၂၂°C	/	၃၆°C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

လွန်ကဲစွာပြုပြင်ထားသော အစားအစာများစားသုံးမှုနှင့် ဦးနှောက်ကျန်းမာရေး



မျက်မှောက်ခေတ်တွင် အစားအသောက်ပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများအစား လွန်ကဲစွာပြုပြင်ထားသောအစားအစာများ ဝယ်ယူစားသုံးမှုတိုးမြင့်လာကြောင်းတွေ့ရှိရသည်။ လွန်ကဲစွာပြုပြင်ထားသော အစားအစာများ အလွန်အကျွံစားသုံးခြင်းကြောင့် အရွယ်ရောက်ပြီးသူများ၏ ဦးနှောက်ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသောအစားအစာများ၏ အကျိုးသက်ရောက်မှု

လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသော အစားအစာများစားသုံးခြင်းသည် ရောင်ရမ်းမှုကိုဖြစ်ပေါ်စေနိုင်ကာ ဦးနှောက်အတွင်းရှိသွေးကြောငယ်များအပါအဝင် ခန္ဓာကိုယ်တစ်လျှောက်ရှိ သွေးကြောများကို ထိခိုက်စေနိုင်ပြီး ဦးနှောက်သို့သွေးစီးဆင်းမှုကိုပါထိခိုက်စေနိုင်သည်။ ဦးနှောက်သည် အောက်ဆီဂျင်နှင့်အာဟာရဓာတ်များရရှိရန် ကျန်းမာကောင်းမွန်သော သွေးကြောကွန်ရက်တစ်ခုအပေါ် မှီခိုနေရသည်။ ဦးနှောက်အတွင်းရှိ သွေးကြောငယ်လေးများပျက်စီးလာပါက ဦးနှောက်တစ်ဿျူးများဆီ အောက်ဆီဂျင်နှင့်အာဟာရဓာတ်များပို့ဆောင်မှုကို လျော့နည်းစေနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုသွေးကြောများကို ပျက်စီးစေသည့်အကြောင်းရင်းများသည် ဦးနှောက်သွေးကြောဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်လာစေရန် တွန်းအားပေးသည်။

ဦးနှောက်တွင် ဖြစ်ပေါ်လာသောပြောင်းလဲမှုများသည် ဦးနှောက်အတွင်းရှိသွေးကြောငယ်လေးများပျက်စီးနေခြင်း၏ ကနဦးလက္ခဏာများဖြစ်နိုင်ပြီး သိသာထင်ရှားသောရောဂါလက္ခဏာများမပြဘဲ နောင်တစ်ချိန်တွင် လေဖြတ်ခြင်း၊ တွေးခေါ်စဉ်းစားနိုင်စွမ်းနှင့် မှတ်ဉာဏ်ဆိုင်ရာပြဿနာများဖြစ်ပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်သည်။ သို့သော်လေ့လာမှု၏ ကြောင်းကျိုးဆက်စပ်မှုကို တိကျစွာအတည်ပြုရန် နောက်ထပ်သုတေသနများပြုလုပ်ရန် လိုအပ်နေသေးသည်။

အစားအစာရွေးချယ်မှုအလေ့အထများ

ထုပ်ပိုးထားသော သရေစာများ၊ သကြားပါဝင်မှုများသော ဖျော်ရည်များ၊ ပြုပြင်ထုတ်လုပ်ထားသောအသားများနှင့် ချက်ချင်းစားသုံးနိုင်သောအစားအစာများကဲ့သို့ လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသည့် အစားအစာများတွင် ဆား၊ သကြားနှင့် ကျန်းမာရေးနှင့်မညီညွတ်သောအဆီဓာတ်များ မြင့်မားစွာပါဝင်လေ့ရှိသည်။ ထို့ပြင် အရသာ၊ အသွင်အပြင်နှင့်ကြာရှည်ခံနိုင်မှုတို့ကိုမြှင့်တင်ရန် ထည့်သွင်းထားသောဓာတုပစ္စည်းများလည်း ပါဝင်တတ်သည်။ လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသည့် အစားအစာများကို အလွန်အကျွံအစားထိုးစားသုံးခြင်းကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောအသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့် အနည်းငယ်သာပြုပြင်ထုတ်လုပ်ထားသောအစားအစာများကို စားသုံးမှုနည်းပါးလာကြသည်။ အချိန် သို့မဟုတ် ငွေကြေးအကန့်အသတ်ရှိသူများအတွက် လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသည့် အစားအစာများသည် လတ်ဆတ်သော သို့မဟုတ် အနည်းငယ်သာပြုပြင်ထုတ်လုပ်ထားသည့်အစားအစာများထက် စားသုံးရန်ပိုမိုလွယ်ကူသော ရွေးချယ်မှုတစ်ခုဖြစ်လာနိုင်သည်။

ဦးနှောက်အတွင်းပြောင်းလဲမှုများ

ဦးနှောက်အတွင်းရှိ အဖြူရောင်အသားဓာတ်တွင် ပုံမှန်ထက် ပိုမိုတောက်ပစွာပေါ်လာခြင်းနှင့် လက္ခဏာမပြဘဲဖြစ်ပေါ်နေသည့် ဦးနှောက်သွေးကြောဆိုင်ရာပျက်စီးမှုများသည် ဦးနှောက်သွေးကြောဆိုင်ရာရောဂါများ၏ အဓိကလက္ခဏာရပ်များဖြစ်ကြသည်။ အထူးသတိပြုစရာအချက်မှာ မှတ်ဉာဏ်နှင့်စဉ်းစားတွေးခေါ်နိုင်စွမ်းတို့၌ သိသာထင်ရှားသော ပြောင်းလဲမှုများ မပေါ်ပေါက်လာမီ၊ အတော်အတန်ကျန်းမာကောင်းမွန်သည့် အလယ်အလတ်အရွယ်လူအုပ်စုတွင် ဆက်စပ်မှုများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခင်သုတေသနများအရ ဦးနှောက်အတွင်းပြောင်းလဲမှုသည် အနာဂတ်တွင် လေဖြတ်ခြင်း၊ ဉာဏ်ရည်ပိုင်းဆိုင်ရာကျဆင်းခြင်းနှင့်မှတ်ဉာဏ်လျော့နည်းသောရောဂါဖြစ်ပွားနိုင်ခြေမြင့်မားခြင်းတို့နှင့် ဆက်စပ်နေကြောင်း တွေ့ရှိထားပြီးဖြစ်သည်။

သုတေသနလေ့လာတွေ့ရှိချက်

သုတေသီများသည် နှလုံးရောဂါဖြစ်ပွားဖူးခြင်းမရှိသည့် အသက် ၃၅ နှစ်မှ ၆၉ နှစ်ကြား ကနေဒါနိုင်ငံသား လူကြီး ၉၀၀၀ နီးပါး၏ စားသောက်မှုပုံစံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။ ဦးနှောက်ရိုက်ကူးစစ်ဆေးလေ့လာမှုအရ အစားအစာများကို အများဆုံးစားသုံးသူများသည် အနည်းဆုံးစားသုံးသူများနှင့်နှိုင်းယှဉ်ပါက ဦးနှောက်အတွင်း အစိတ်အပိုင်းတချို့ ပျက်စီးမှုဖြစ်ပေါ်နိုင်ခြေ ၄၀ ရာခိုင်နှုန်းပိုများကြောင်း တွေ့ရှိခဲ့ရသည်။ ဦးနှောက်သံလိုက်ဓာတ်မှန်ရိုက်ကူးစစ်ဆေးလေ့လာမှုအရ လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို အများဆုံးစားသုံးသူများသည် အနည်းဆုံးစားသုံးသူများနှင့်နှိုင်းယှဉ်ပါက ဦးနှောက်အစိတ်အပိုင်းတချို့ ပျက်စီးနေသည်ကို တွေ့ရှိရနိုင်ခြေ ၄၀ ရာခိုင်နှုန်းပိုများကြောင်း တွေ့ရှိရသည်။ ထို့ပြင် အများဆုံးစားသုံးသော အမျိုးသမီးများသည် အနည်းဆုံးစားသုံးသူများနှင့်နှိုင်းယှဉ်ပါက ဦးနှောက်ပျက်စီးမှုလက္ခဏာများပြသနိုင်ခြေနှစ်ဆနီးပါးပိုများကြောင်း တွေ့ရှိရသည်။

သုတေသနလေ့လာမှုတွင်ပါဝင်သူများ၏ နေ့စဉ်စားသုံးမှုပမာဏတွင် လွန်ကဲစွာပြုပြင်ထားသောအစားအစာများက ပျမ်းမျှအားဖြင့် ၂၅ ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို အများဆုံးစားသုံးသူများတွင် နေ့စဉ်စားသုံးမှု၏ ၄၅ ရာခိုင်နှုန်းအထိရှိနေပြီး အနည်းဆုံးစားသုံးသူများတွင်မူ ၁၆ ရာခိုင်နှုန်းသာရှိသည်။ တစ်ချိန်တည်းမှာပင် လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို အများဆုံးစားသုံးသူများ၏ နေ့စဉ်စားသုံးမှုတွင် သဘာဝအတိုင်းနှင့် အနည်းငယ်သာပြုပြင်ထုတ်လုပ်ထားသည့် အစားအစာများက ၄၁ ရာခိုင်နှုန်းသာပါဝင်သော်လည်း လွန်ကဲစွာပြုပြင်ထားသော အစားအစာကို အနည်းဆုံးစားသုံးသူများတွင်မူ ၆၈ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ ထိုအချက်က လွန်ကဲစွာပြုပြင်ထားသော အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်မျှတသော အစားအစာစားသုံးမှုပုံစံတစ်ခုအပေါ်တွင် ထပ်ဆောင်းဖြည့်စွက်စားသုံးခြင်းမျိုးမဟုတ်ဘဲ အရေးကြီးသောအာဟာရဓာတ်များနှင့် အမျှင်ဓာတ်များပေးစွမ်းနိုင်သည့်အစားအစာများကို အစားထိုးဝင်ရောက်လာခြင်းဖြစ်ကြောင်း ဖော်ပြနေသည်။

လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသည့် အစားအစာကိုပုံမှန်နှင့် ပမာဏများစွာစားသုံးခြင်းသည် အဝလွန်ခြင်းနှင့်ဇီဝဖြစ်စဉ်ဆိုင်ရာပြဿနာများအပါအဝင် ကျန်းမာရေးဆိုင်ရာစိုးရိမ်စရာများစွာနှင့်ဆက်စပ်နေသည်။ ထို့ပြင် အများဆုံးစားသုံးသူများသည် အနည်းဆုံးစားသုံးသူများနှင့်နှိုင်းယှဉ်ပါက ခန္ဓာကိုယ်အဆီပိုမိုများပြားပြီး ဝမ်းဗိုက်အတွင်းပိုင်းအဆီလည်း ပိုမိုများပြားကြောင်းတွေ့ရှိရသည်။ ဝမ်းဗိုက်အတွင်းပိုင်းအဆီများသည် ကိုယ်တွင်းအင်္ဂါများကို ဝန်းရံထားလေ့ရှိပြီး ရောင်ရမ်းမှုများ၊ နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ ဇီဝဖြစ်စဉ်ဆိုင်ရာရောဂါများ၊ မှတ်ဉာဏ်လျော့နည်းခြင်းနှင့် အရွယ်မတိုင်မီသေဆုံးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများနှင့် ဆက်စပ်နေကြောင်း သိပ္ပံနည်းကျအထောက်အထားများက အတည်ပြုထားသည်။

ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်သောနည်းလမ်းများ

လွန်ကဲစွာပြုပြင်ထားသောအစားအစာများကို ရှောင်ကြဉ်ခြင်း၊ အနည်းငယ်သာပြုပြင်ထုတ်လုပ်ထားသောအစားအစာများကို ပိုမိုစားသုံးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်မျှတသော အစားအသောက်ပုံစံကိုလိုက်နာခြင်း၊ သကြား၊ ဆိုဒီယမ် (ဆားဓာတ်)နှင့် ပြည့်ဝဆီမြင့်မားစွာပါဝင်သော အစားအစာများကိုလျှော့ချစားသုံးခြင်း၊ အစားအစာများတွင် ပါဝင်သည့်အာဟာရဆိုင်ရာအညွှန်းများကို စစ်ဆေးကြည့်ရှုပြီး မှန်ကန်သောရွေးချယ်မှုများပြုလုပ်ခြင်းဖြင့် အာဟာရပြည့်ဝသောအစားအစာများကို စားသုံးနိုင်ရန်အထောက်အကူပေးနိုင်သည်။အစားအစာတစ်မျိုးတည်းက လူတစ်ဦး၏လေဖြတ်နိုင်ခြေ သို့မဟုတ် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းနိုင်ခြေကို ဆုံးဖြတ်ပေးခြင်းမရှိသော်လည်း စားသောက်မှုပုံစံသည် ရေရှည်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သည့်အချက်များစွာထဲမှတစ်ခုဖြစ်သည်။

လက်တွေ့ကျသော ပြောင်းလဲမှုများအနေဖြင့် သကြားပါဝင်သော ဖျော်ရည်များအစား ရေကိုသောက်သုံးခြင်း၊ လွန်ကဲစွာပြုပြင်ထုတ်လုပ်ထားသော အဆာပြေမုန့်များအစား သကြားမထည့်ထားသော သဘာဝဒိန်ချဉ် သို့မဟုတ် သဘာဝအသီးအနှံများကို ရွေးချယ်ခြင်း၊ အစားအစာများတွင် ပဲအမျိုးမျိုးကိုထည့်သွင်းစားသုံးခြင်း သို့မဟုတ် အာဟာရတန်ဖိုးမြင့်မားသော ပဲနီလေး၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ ရွေးချယ်စားသုံးခြင်းသည် ပြင်ဆင်ချက်ပြုတ်ရန်လွယ်ကူပြီး အိမ်ထောင်စုအများစု၏ဝင်ငွေနှင့်လည်း ကိုက်ညီနိုင်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

အယ်လ်နီညိုရာသီဥတု အပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်မြို့မဈေးကြီး၌ အောက်တိုဘာလ ၂၉ ရက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အယ်လ်နီညိုရာသီဥတုအပူဒဏ်ကာကွယ်ရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ အပူဒဏ်သတိပြု၍ သွားလာနေထိုင်ရန်နှင့် အပူလျှပ်ခြင်းကြောင့် သတိမေ့ခြင်း၊ မူးမော်ခြင်းတို့ဖြစ်ပေါ်ပါက ဆောင်ရွက်သင့်ပုံများ စသည့်အကြောင်းအရာများပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို မြို့မဈေးကြီးနှင့် လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ အင်းစိန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်မိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်မျိုးလွင်၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဈေးတာဝန်ခံများပါဝင်သော ပူးပေါင်းအဖွဲ့၌ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများနှင့်လမ်းသွားလမ်းလာပြည်သူများထံ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



နေကိုထိုက်

ပဉ္စမအကြိမ်အာစရိယပူဇော သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပ



မန္တလေး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်မစိုးရိမ်တိုက်သစ်ဓမ္မသမိဒ္ဓိကျောင်း၌ အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းက ပဉ္စမအကြိမ် အာစရိယပူဇော သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပသည်။

ရှေးဦးစွာ ကြွရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ကြီးအမှူးပြု သော တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက သက်တော်ရှည်ဆရာတော်ကြီး များကို သြကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီး စတုဘုမ္မိက မဂ္ဂင်ရိပ်သာ နဂါးကျောင်းတိုက် ဆရာတော်ကြီးက ဆုပေးချီးမြှင့် တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးက သက်တော်ရှည်ပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ဆရာတော်ကြီး များအား လျှောက်ထားသည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီး မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းရှိ သက်တော် ၈၀ ပြည့် ဝါတော် ၆၀ နှစ်အထက် ဆရာတော်ကြီး ၁၇၅ ပါးတို့အား အလှူရှင်အသီးသီးက အလှူငွေ များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ရွှေတိုး

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



မိုင်းရယ် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက် ၇ နာရီတွင် မြို့လယ်မဟာဗောဓိရွှေစေတီနှင့် ဆုတောင်းပြည့် ဘုရားကိုးဆူစေတီရှေ့နှင့် မြို့မ စျေးကြီးတို့၌ ပြုလုပ်သည်။

အယ်လ်နီညိုအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်အောင်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲများက အယ်လ်နီညိုအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာ ပြည်သူများ၊ မြို့မစျေးကြီးအတွင်းရှိ စျေးသူ စျေးသား၊ စျေးလာဝယ်သူ များကို ဖြန့်ဝေသည်။

အဆိုပါအယ်လ်နီညိုအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်တွင် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကာလတွင် ကျန်းမာအောင် နေထိုင်နည်း၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် အယ်လ်နီညိုဖြစ်စဉ် ကြောင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူ ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဂေဟစနစ်တို့အပေါ် အကျိုးသက် ရောက်မှုများ စသည့်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင် ၁၀၀၀ ခန့်ကို အသိပညာပေး ဖြန့်ဝေခဲ့ကြသည်။ ယင်းနောက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ များအတွင်း အယ်လ်နီညိုအန္တရာယ် ပြည်သူများ ပိုမိုသိရှိနားလည် စေရန်အတွက် မြန်မာ၊ ရှမ်းနှစ် ဘာသာဖြင့် အသိပေးနှိုးဆော် ခြင်းများကို အသံချဲ့စက်များဖြင့် လိုက်လံဆော်ဩလျက်ရှိကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံကေ ၉၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

MWD Variety Channel

၃၀-၁၀-၂၀၂၆(သောကြာနေ့)

၁။	၁၁:၄၅	စားရေရိုက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၂။	၁၂:၄၅	လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၃။	၂၁:၁၀	သောတဆင်စရာ တေးမြန်မာ
၄။	၂၂:၃၅	ရုပ်မြင်သံကြား ဇာတ်လမ်း (မှုံရွှေရည် (ပထမပိုင်း))

ကန့်ဘလူ အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံကေ ၉၄၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသခံတောင်သူများအား မြေအစိုဓာတ်ရှိစဉ် အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဆောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်မှု ထိခိုက်ပျက်စီးမှုမရှိ စေရေး၊ စိုက်ပျိုးရေးအသိပညာပေး လုပ်ငန်းများနှင့် သီးနှံများပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် သွင်းအားစုများထည့်သွင်းရာတွင် သီးနှံပင်၏သက်တမ်းအလိုက် အသုံးပြုမည့် မြေဩဇာများအချိုး အစားမှန်ကန်စေရေး၊ လေလွင့်ဆုံးရှုံး မှုမရှိစေရေး၊ ထိရောက်မှုရှိပြီး အပင် အတွက် အကျိုးဖြစ်ထွန်းစေရေး၊ သဘာဝမြေဩဇာများကို အချိုးကျ ရောစပ်၍ အချိန်ကိုက်ကြဲပက်နိုင် စေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများနှင့်အညီ စိုက်ပျိုး နိုင်ရေး စိုက်ပျိုးရေးဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေး မည်ဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၃၈၅၉၁ ဧက၊ ပဲတီစိမ်း ၈၀၂၂၀၀ ၊ ထောပတ်ပဲ ၃၇၉၇ ဧက၊ စွန်တာနီ ၁၃၉၃ ဧက၊ စွန်တာပြာ ၇၂၁၉ ဧက၊ ကုလားပဲ ၆၉၄၇ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲ ၈၈၉၇ ဧကနှင့် အခြားပဲ ၃၁၂၇ ဧက စိုက်ပျိုးရန် လျာထားသည်။

မြို့နယ်ရှိ ဒေသခံတောင်သူ လယ်သမားများသည် စပါးစိုက် ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ယခုနောက်ပိုင်းတွင် တောင်သူများက စျေးကွက်ဝင်သည့်ပဲမျိုးစုံကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း၊ ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း၊ ပိုလျှံသည့် ပဲများကိုလည်း တခြားတိုင်းဒေသကြီး နှင့်ပြည်နယ်များသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း (ကန့်ဘလူ)

သဘင်နန်းမှ အလင်္ကာပန်း

❖ သည်လို“ဆို”ကြ၊ သည်လို“က”ဟု
နည်းပြထုံးစဉ်၊ လက်ထပ်သင်သည်
ယဉ်ကျေးမှုအမွေ၊ ဆက်ခံစေဖို့။

❖ သည်လို“ရေး”ပြီး၊ သည်လို“တီး”ဟု
နည်းလမ်းထုံးစဉ်၊ လက်ထပ်သင်သည်
ယဉ်ကျေးမှုအမွေ၊ ဆက်ခံစေဖို့။

❖ “ဆို”ကြ“က”ကြ၊ နွဲ့နောင်းလှကာ
“ရေး”ကြ“တီး”ကြ၊ ငြိမ့်ညောင်းလှသည်
မြန်မာ့ဟန်ပန်၊ မြန်မာ့စံနှင့်
အံဝင်ခွင်ကျ စနစ်ကျ။
ဌာနကရိဏ်းကျ ချိုကြည်မြ။
သဘင်အနု သုခုမ။

❖ မြန်မာ့အနု၊ ယဉ်ကျေးမှု၏
သုခုမနယ်၊ နက်ရှိုင်းကျယ်၏။။

❖ သုခုမပညာ၊ အလင်္ကာသည်
ထည်ဝါနက်နဲ၊ လွန်ခက်ခဲ၏။။

❖ အနုပညာ၊ အလင်္ကာနှင့်
ရိုးရာအလိုက်၊ ထုံးစရိုက်ကို
နှစ်ခြိုက်ခုံမင်၊ မြတ်နိုးခင်၍
ဘိုးစဉ်ဘောင်ဆက်၊ အဆက်ဆက်လျှင်
လက်ဆင့်ကမ်းကာ၊ ဆောင်ယူလာသည်
ရိုးရာဓလေ့ ယဉ်ကျေးမှု။
ဆို၊ က၊ ရေး၊ တီး မြန်မာမှု။

❖ ရုပ်စုံသဘင်၊ ရုပ်သေးစင်နှင့်
စင်တင်ဇာတ်တော်၊ ကွက်စိပ်ဖော်ခဲ့
ဖျော်ဖြေငြိမ့်ငြိမ့်၊ တသိမ့်သိမ့်လျှင်
တထိန်ထိန်မြည်၊ ပွဲကြီးစည်လျက်
အရှည်တည်တံ့၊ သဘင်ခဲ့သည်
နိုင်ငံ့ကျက်သရေ ရွှန်းရွှန်းဝေ။
မျိုးဆက်သစ်“အား” ထွန်းသစ်နေ။

❖ မျိုးဆက်သစ်“အား”၊ မောင်မယ်များသည်
“ဘိုးဘွားအမွေ၊ တိုးပွားဝေဖို့
နိုးကြားမသွေ၊ ကြိုးစားနေလျက်”
အခြေအမြစ်၊ အမွေစစ်ကို
နှစ်သက်ရိုကျိုး၊ ချစ်မြတ်နိုးကာ
အမျိုးသားရေးစံ၊ ရိုးရာဟန်နှင့်
မြန်မာ့အနု၊ ယဉ်ကျေးမှုကို
ရှေးရှုပန်ဆင်၊ ပွဲသဘင်ဝယ်
အလင်္ကာပန်း ပျံ့သင်းမွေး။
မျိုးရိုးဂုဏ်မြှင့် ဖော်ထုတ်ပေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်ကနေပြီးတော့ အသိအမှတ်ပြုပြီး သဘင်သည်အားလုံး၊ အနုပညာရှင်အားလုံးကို ပြိုင်ပွဲကျင်းပပေးတဲ့အတွက် မိမိတို့ယဉ်ကျေးမှုအမွေအနှစ်တွေထိန်းသိမ်းရာ၊ ထွန်းကားရာလည်းရောက်ပါတယ်။ ကိုယ့်နိုင်ငံအတွက်လည်း အမျိုးဘာသာသာသနာကိုစောင့်ရှောက်ပေးရာလည်းရောက်ပါတယ်။

ဦးချမ်းနောင်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ပွဲဝင်ဆုရရှိသူများ၏ ဝမ်းသာပီတိဂုဏ်ယူဖွယ်စကားသံများကို ပြန်လည်မျှဝေဖော်ပြပေးလိုက်ရပါသည်-



မောင်အားမာန်မျိုး၊ မချစ်စနိုးဦး

မောင်အားမာန်မျိုး၊ မချစ်စနိုးဦး (မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု)တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအက(ပထမဆု)

ကျွန်တော်တို့က တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုလေ့ကိုထိန်းသိမ်းတန်ဖိုးထားပုံတွေကို ကမ္ဘာသိအောင်ပြသချင်တဲ့အတွက်ကြောင့် ဝင်ရောက်တာပါ။ ပထမဆုရရှိတဲ့အတွက်လည်း မန္တလေးတိုင်းရဲ့ ဂုဏ်ဆောင်ရတဲ့အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော်တို့ရဲ့ဝါသနာနဲ့ ကြိုးစားမှုတွေအရာထင်တဲ့အတွက်ကြောင့် မို့ကျွန်တော်တို့အဖွဲ့အားလုံးပျော်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အဆင့် အခမ်းအနားမှာ သမ္မတကြီးကိုယ်တိုင် ဆုချီးမြှင့်ခြင်းခံရတဲ့အတွက် ပိုပြီးဂုဏ်ယူမိပါတယ်။

ဦးရဲဝင့်လှိုင် (ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု) ဝါသနာရှင်(ပထမတန်း) မဟာဂီတ၊ ဝါသနာရှင် (ဒုတိယတန်း) ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲ (ပထမဆု)

ကျွန်တော့်အနုပညာနာမည်က တက္ကသိုလ်ရဲဝင်းဖြစ်ပါတယ်။ ကျွန်တော် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို (၂၃)ကြိမ်မြောက်မှာ စတင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော် စုစုပေါင်း ငွေတံဆိပ် ၂ ဆုနှင့် ရွှေတံဆိပ် ၈ ဆုရရှိခဲ့ပြီးပြီဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်များအနေနဲ့ မြန်မာ့ရိုးရာဂီတပညာရပ်များရော အဆို၊ အက၊ အရေးနှင့် အတီးပညာရပ်တွေကိုပါ ပိုမိုစိတ်ဝင်စားလာကြတာကိုတွေ့ရပါတယ်။ အထူးသဖြင့် မြန်မာမဟာဂီတနဲ့ မြန်မာတူရိယာဖြစ်တဲ့ စောင်းတူရိယာတွေမှာ မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားလာတာကို



ဦးရဲဝင့်လှိုင်

တွေ့ရပါတယ်။ ပြိုင်ပွဲဝင်များလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရှိရသည့်အတွက် အလွန်ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျာ့။

မောင်တိုးပွားအောင်၊(မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု)ဝါသနာရှင် ပထမတန်း(အမျိုးသား)အက (ပထမဆု)

ကျွန်တော်က ဝါသနာရှင် (ပထမတန်း)တစ်ဦးချင်းမင်းသားအကမှာပြိုင်ခဲ့တာပါ။ ဒီနေ့ကတော့ ရွှေတံဆိပ်ဆုရရှိတာကြောင့် အရမ်းပျော်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ငါးကြိမ်မြောက် ဝင်ပြိုင်ခဲ့ပါတယ်။ ဝါသနာရှင် (ဒုတိယတန်း)မင်းသားအကမှာတော့ ရွှေတံဆိပ်၊ ငွေတံဆိပ်တွေရရှိခဲ့ဖူးပါတယ်။။ ဒီနှစ်ကတော့ရွှေတံဆိပ်ဆုရပါတယ်ဗျ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ရတာက ဆုရတာ၊ မရတာထက်ကို အမြဲတမ်းလည်းပြိုင်ချင်ပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေကိုလည်း ပါဝင်ယှဉ်ပြိုင်ဖို့အတွက် တိုက်တွန်းဖိတ်ခေါ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဒေါ်ခင်ငြိမ်းချမ်း (ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု) ဝါသနာရှင် ပထမတန်း(အမျိုးသမီး) ခေတ်ဟောင်းကာလပေါ် တေးသီချင်းအဆို (ပထမဆု)

ကျွန်မပထမဆုရရှိတဲ့အတွက် အရမ်းလည်းပျော်ရွှင်မိပါတယ်။ ကျွန်မက ပဉ္စမအကြိမ်ကစပြီးတော့ ယှဉ်ပြိုင်ခဲ့တာပါ။ ယဉ်ကျေးမှုတက္ကသိုလ်လည်းတက်ခဲ့တာဆိုတော့ ကျောင်းတက်တဲ့ ကာလမှာလည်းပြိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်လည်း ပြန်ပြီးတော့ယှဉ်ပြိုင်ခဲ့တာ ဒီနေ့အထိပါပဲရှင့်။ ကျွန်မဆုတွေကို ရွှေ၂ ဆု၊ ငွေ ၃ ဆု၊ ကြေး ၃ ဆုရရှိခဲ့ပါပြီ။ ဆိုကရေးတီးပြိုင်ပွဲကြီးက



ဒေါ်ခင်ငြိမ်းချမ်း

အတီးပြိုင်ပွဲကြီးကနေပြီးတော့ ဒီလိုရုပ်သေးရုပ်တွေ၊ ဇာတ်တော်ကြီးတွေကိုဖော်ထုတ်ပေးတယ်ဆိုတော့ မျိုးဆက်သစ်လူငယ်ကလေးတွေအနေနဲ့မြင်လာမယ်၊ သိလာမယ်၊ ကြားလာမယ်ဖြစ်ပါတယ်။ဒီပညာကို ပိုပြီးတော့ထဲထဲဝင်ဝင်ဖြစ်လာမယ်၊ စိတ်ဝင်စားလာမယ်လို့ ကျွန်တော်ထင်ပါတယ်။

မဓိုးမိုးအောင်(ခေါ်)ဗိုလ်မ၊ ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)အက(ပထမဆု)

ကျွန်မက ဝိဓူရဇာတ်တော်ကြီးမှာ နှစ်ပါးသွားအကောင်းဆုံးဆု၊ ဝါသနာရှင် အမျိုးသမီးအကမှာ ပထမဆုကိုရရှိခဲ့ပါတယ်။ ဇာတ်တော်ကြီးကို ကြိုတင်ပြင်ဆင်မှုအပိုင်းကိုပြောရမယ်ဆိုရင် တစ်လကျော်ကျော်လေ့ကျင့်သင်ယူခဲ့ရပါတယ်။ အငြိမ့်ဆိုလည်း အတူတူပါပဲ။ ဇာတ်တော်ကြီးတိုက်လိုက်၊ အငြိမ့်တိုက်လိုက်လေ့ကျင့်သင်ယူခဲ့ရပါတယ်။ အခုလိုဆုရရှိတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံတော်က ယခုလိုနှစ်စဉ်နှစ်တိုင်းပြိုင်ပွဲတွေကို ကျင်းပပေးနိုင်တာကလည်း နောင်လာမည့် မျိုးဆက်သစ်ကလေးများကို မွေးထုတ်လည်းပေးနိုင်တယ်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိန်းသိမ်းထားနိုင်ရာလည်းရောက်ပါတယ်။

မောင်သူရဝင်းထွဋ်၊ (ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု) ဝိဓူရဇာတ်တော်ကြီး၀ါသနာရှင် ပထမတန်း(ပထမဆု)

ဝိဓူရဇာတ်တော်ကြီးမှာပထမဆုရရှိတဲ့အတွက် အရမ်းလည်းဝမ်းသာဂုဏ်ယူပါတယ်။ ဒီလိုမျိုးဆုရရှိအောင်လို့သင်ကြားပြသပေးခဲ့တဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ သဘင်ပညာရှင်များကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ကြိုးစားခဲ့ရတာက



မောင်ဇော်လင်းထွန်း



မောင်သူရဝင်းထွဋ်

အချိန်တစ်လ ကြိုးစားသင်ယူခဲ့ရပါတယ်။ ကြိုးစားသင်ယူခဲ့ရသလောက် ပထမဆုကိုရရှိခဲ့တာဖြစ်တဲ့အတွက်အားရကျေနပ်မှုများရရှိခဲ့ပါတယ်။ သဘင်ပညာကိုအခုခေတ်လူငယ်တွေမှမဟုတ်ပါဘူး။ သဘင်ပညာဆိုရင် ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ အသက်သွေးကြောဖြစ်ပါတယ်။ မြန်မာလူမျိုးတိုင်းနဲ့ဆိုင်တဲ့ အနုပညာတစ်ခုဖြစ်ပါတယ်။ သဘင်ပညာကို လက်ဆင့်ကမ်းထိန်းသိမ်းတဲ့အနေနဲ့ သဘင်သမားတွေမှမဟုတ်ပါဘူး။ မြန်မာလူမျိုးတိုင်းချစ်တဲ့အနုပညာစိတ်နဲ့ လူမျိုးတိုင်းရိုးရာယဉ်ကျေးမှုအမွေကို ထိန်းသိမ်းပေးထားဖို့ မေတ္တာရပ်ခံပါတယ်။ ဒီဇာတ်တော်ကြီးကိုကြည့်ခြင်းအားဖြင့်ခန္ဓီပါရမီနဲ့ သီလကိုဆောက်တည်ခြင်းရဲ့အကျိုးကျေးဇူးများပါရှိပါတယ်။ ဒီနှစ်ရပ်ကို အဓိကအားဖြင့်ဖော်ပြပြီး မေတ္တာတရား၊ ပါရမီဆယ်ပါးကိုဖော်ပြပြီး ပြသပေးခဲ့တဲ့ဇာတ်တော်ကြီးဖြစ်ပါတယ်။ နိုင်ငံတော်ကဒီလိုပြိုင်ပွဲကို ကျင်းပပေးတဲ့အတွက် အလွန်ကောင်းပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။

ဦးချမ်းနောင်၊ ဝါသနာရှင် ဒုတိယတန်း(အမျိုးသား) ကွက်စိပ်(ပထမဆု)

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တာပါ။ ၂၀၀၆ ခုနှစ်ကတည်းက အခုချိန်အထိပြိုင်ခဲ့ပါ



မဓိုးမိုးအောင်(ခေါ်)ဗိုလ်မ



ဦးချမ်းနောင်

တယ်။ ရွှေက အိုးစည်ဒိုးပတ်နဲ့ ဆိုင်းအဖွဲ့လိုက်တွေမှာ ရွှေ ၃ ဆု၊ ငွေကလည်း ၅ ဆုရရှိခဲ့ပြီးပါပြီ။ ဒီနေ့ကတော့ ထူးထူးခြားခြားကွက်စိပ်မှာရွှေတံဆိပ်ဆုရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အများသိကြတာက စာဟော၊ အလျှမ်းလာပွဲတွေမှာမြောက်တဲ့ ဘိသိက်နဲ့ ခပ်ဆင်ဆင်ပေါ့။ ဒီမှာတော့ ငါးရှဉ့်ငါးဆယ်နိုပါတ်နဲ့ ဇာတ်တော်ကြီးတွေကို ဖော်ပြတာဖြစ်ပါတယ်။ ဇာတ်ကောင်အမျိုးမျိုးကနေပြီး အနည်းဆုံး ကျွန်တော် ဆိုရင် ဇာတ်ကောင်လေးမျိုးအသံခွဲပြီးပြောရတယ်။ ဆရာသမားတွေရဲ့ သင်ကြားမှုနဲ့အတူ ပါဝင်ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ ခက်လည်းခက်ခဲပါတယ်။ ဒီဆုရတယ်ဆိုတာ တန်ဖိုးကြီးပါတယ်။ မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်ကနေပြီးတော့ အသိအမှတ်ပြုပြီး သဘင်သည်အားလုံး၊ အနုပညာရှင်အားလုံးကို ပြိုင်ပွဲကျင်းပပေးတဲ့အတွက် မိမိတို့ယဉ်ကျေးမှုအမွေအနှစ်တွေထိန်းသိမ်းရာ၊ ထွန်းကားရာလည်း ရောက်ပါတယ်။ ကိုယ့်နိုင်ငံအတွက်လည်း အမျိုးဘာသာသာသနာကိုစောင့်ရှောက်ပေးရာလည်းရောက်ပါတယ်။ ဆုရရှိခြင်း၊ မရရှိခြင်းဆိုတာထက် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုပညာဖော်ထုတ်ခွင့်ရတဲ့အတွက်ဝမ်းသာဂုဏ်ယူပါတယ်။

အောင်မျိုးခိုင်၊ လွဲရည်လှိုင်

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ် (၁) နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့်အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြိုဆိုပါကြောင်း၊ လွှတ်တော်များ၏သက်တမ်းသည် နှစ်ပေါင်းများစွာ ရှည်ကြာသော်လည်း ပြည်သူများအနေဖြင့် လွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ အကြောင်းကို သိရှိသူနည်းပါးပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ယခုလိုတွေ့ဆုံစဉ် လွှတ်တော်များ၏ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များအကြောင်းကို အနည်းငယ်ပြောကြားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ်စနစ်ကျင့်သုံးသည့် နိုင်ငံဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း၊ အဆိုပါလွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီ ဆောင်ရွက်ရသော်လည်း ဥပဒေပြုခြင်း၊ အုပ်ချုပ်အလုပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပြည်သူကိုကိုယ်စားပြုခြင်းစသည့် လုပ်ငန်းတာဝန်များတွင် တူညီကြပါကြောင်း။

မိမိတို့လွှတ်တော်များအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ဥပဒေ၏အကာအကွယ်အောက်တွင် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ပြီး အကျိုးစီးပွားဖြစ်ထွန်းစေရန် လက်ရှိတည်ဆဲဥပဒေများကို ခေတ်ကာလနှင့်ကိုက်ညီမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ မိမိတို့မဏ္ဍိုင်ကြီး(၃)ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွှတ်လပ်စွာ ရပ်တည်ကြသော်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းတာဝန်ကိုလည်းကောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်တွင်းမေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုခြင်းတာဝန်ကိုလည်းကောင်း စသည်ဖြင့် အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက အဓိကဆောင်ရွက်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအား လုံးကျောင်းပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကိုကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကိုဖော်ဆောင်ပေးသည့်နေရာဖြစ်၍ မိမိတို့ဒေသ၏ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်နိုင်ပါကြောင်း၊ ယနေ့ လွှတ်တော်သို့လာရောက်လေ့လာသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း စာကိုကြိုးစားသင်ယူပြီး အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ကြိုးစားဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌဒေါက်တာလှတင့်၊ ပြည်သူ့လွှတ်တော်သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းထွန်းဦးနှင့် အဖွဲ့ဝင်ဒေါက်တာကျော်ဆွေ၊ ခရမ်းမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဝင်းဆွေ၊ ဦးအောင်သီဟနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အဆောင်အမှတ်(I-3) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တတိယအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း လွှတ်တော်ကိုယ်စားလှယ်များတင်သွင်းခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၏ဖြေကြားချက်များ၊ ကတိကဝတ်များကို ကော်မတီအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူလူထုအကြား အစိုးရအဖွဲ့မှဆောင်ရွက်ပေးနေသည့် ကိစ္စရပ်များအပေါ် ပြည်သူလူထု၏ယုံကြည်မှုရရှိစေရေးနှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းစေရေးအတွက် စိစစ်ကြပ်မတ်တင်ပြပေးခြင်းဖြစ်ပြီး မရှင်းလင်းသည့် ကိစ္စရပ်များကို သေချာစွာ ညှိနှိုင်းဆွေးနွေးကြရန်နှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုများနှင့်ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းကြပြီး လုပ်ငန်းများအချိန်မီပြီးစီးရေး၊ ဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်စွာ တင်ပြနိုင်ရေးနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုထိရောက်စေရေးတို့အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်အတူ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စုဌာန Polytechnic University (Mawlamyine) စီမံကိန်းပါတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

မော်လမြိုင် အောက်တိုဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စုဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Polytechnic University (Mawlamyine) စီမံကိန်းပါ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့ နံနက်ပိုင်းတွင်ပြည်နယ်ဝန်ကြီးများနှင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ ရေရှည်ခိုင်ခံမှုရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စီမံကိန်းပါ အဆောက်အအုံများတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် နေအိမ်၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်၊ ဆရာ၊ ဆရာမအဆောင်၊ သရုပ်ပြဆရာ၊ ဆရာမအဆောင်၊ အရာထမ်းအိမ်ရာ၊ အလုပ်ရုံ၊ ဘောလုံးကွင်းအဝင်လမ်းကွန်ကရစ်ခင်းခြင်း၊ ပြင်ပမီးသွယ်တန်းခြင်း၊ မြေအောက်ရေလှောင်ကန်၊ ရေမီး၊ မိလ္လာ၊ အဝီစိတွင်းနှင့် 400 V လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မော်လမြိုင်မြို့ကြာအင်းကျေးရွာအုပ်စုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဗညားဒလအဆင့်မြင့်အိမ်ရာ စီမံကိန်း (၂) ရှိအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

စည်သူ(ပြန်/ဆက်)

မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များပေါ်ထွန်းလာရေး

ဘုန်းမောင်ဝင်း(ဖျာပုံ)



မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ လွန်စွာမြင့်မားသောနိုင်ငံဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့၏ သီဆိုတီးမှုတ်ကခုန်မှု အနုသုခုမပညာရပ်များသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက စတင်ထွန်းကားလာခဲ့သည်။ သရေခေတ္တရာခေတ်ဖြစ်သည့် ပျူခေတ်ကတည်းကပင် ဂီတအနုသုခုမသဘင်ပညာသည် အထွတ်အထိပ်နေရာတွင် ရှိခဲ့သည်။ အိမ်နီးချင်းတရုတ်နိုင်ငံသို့ သံတမန်ဆက်ဆံရေးအရ ပျူယဉ်ကျေးမှုအနုသုခုမပညာရှင် အဖွဲ့သွားရောက်တင်ဆက်ခဲ့သည်ကို တရုတ်ထန်မင်းဆက် အုပ်ချုပ်ပုံစာတမ်း၌ လေးစားဂုဏ်ယူစွာ မှတ်တမ်းတင်ထားသည်။ ထိုစဉ်က တရုတ်ဘုရင် "တဲကျန်း"၏ နန်းတွင်းအတွင်းဝန် "ကဗျာစာဆို ပေါ်ကျူယီ"က ဂန္ဓဝင်ကဗျာရှည်တစ်ပုဒ်ရေးဖွဲ့၍ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်ဦး နံရံဆေးရေးပန်းချီများတွင် မြန်မာ့မူဟန် ကခုန်ဟန်များကို ရေးဆွဲထားသည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်အဆုံးအထိ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည်။ ကိုလိုနီနယ်ချဲ့လက်အောက် နှစ်ပေါင်းတစ်ရာကျော်ရောက်ခဲ့သော်လည်း မြန်မာ့ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးကာလမှ ယနေ့တိုင် မြန်မာတို့သည် မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မျက်မှောက်ကာလတွင်လည်း အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ မြန်မာနိုင်ငံဟူ၍ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်တည်ရှိနေခြင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေရှိနေခြင်းကြောင့်လည်းဖြစ်သည်။ မျက်မြင်တွေ့ရှိနိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ယနေ့တိုင်ထင်ရှားစွာတည်ရှိနေသည်။ ထို့အတူ အဆို၊ အက၊ အရေး၊ အတီးဟူသော သဘင်ဂီတပညာရပ်များမှာလည်း ရှေးကဘိုးဘွားတွေပေးအပ်ခဲ့သော အမွေအနှစ်ကောင်းများဖြစ်သည်။

မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကိုတွေ့ရှိနိုင်သည်။ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့် အရာများဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာ့ရိုးရာအနုပညာများကို စနစ်တကျထိန်းသိမ်းမြှင့်တင်ရေး၊ အနုပညာရှင်များ ဖော်ထုတ်ရေးနှင့် မျိုးဆက်သစ်လူငယ်များထံ အနုပညာအမွေအနှစ်များ လက်ဆင့်ကမ်းပေးရေးတို့အတွက် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်လာခဲ့သည်။ ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြိုင်ပွဲများရပ်နားခဲ့ရသည်။ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက် ပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပြီး ယခုအခါပြိုင်ပွဲများကိုဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇) ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ရင်ထဲတွင် "မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး" ဆိုသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်ကဦးဆောင်မှုဖြင့်ကျင်းပပေးခြင်းကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ကျောင်းသား၊ ကျောင်းသူလူငယ် မောင်မယ်များ၊ ဂီတဝါသနာရှင်များအတွက် အလွန်ပင်တန်ဖိုးကြီးမားသောပြိုင်ပွဲကြီးဖြစ်လာခဲ့သည်။ ယခုကဲ့သို့ ကျင်းပသည့် ပြိုင်ပွဲများသည် ဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့် အနုပညာရှင်များ ပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့်အစဉ်အလာတစ်ရပ်ဖြစ်လာသည်။ ထူးချွန်ထက်မြက်သော အနုပညာရှင်များပေါ်ထွန်းလာခဲ့သည်မှာ ယခုဆိုလျှင် ဤပညာရပ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ များစွာရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စေတနာ၊ မေတ္တာများဖြင့် မိမိနိုင်ငံနှင့်နိုင်ငံသူ၊ နိုင်ငံသားများမှဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်များဖွင့်လှစ်ပေးထားခြင်း၊ ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပပေးနေခြင်းမှာ ပညာရေးကို အလွန်တန်ဖိုးထားချီးမြှင့်နေခြင်းဖြစ်သည်။

အနုသုခုမပညာရပ်များသည် လူသားတို့၏စိတ်နလုံးကို အေးမြစေသည်။ အနုပညာရပ်တစ်ခုခုၲ်ဖျာန်ဝင်စားကာ ရေးသား၊ သီဆို၊ တီးမှုတ်နေသူသည် သူ၏စိတ်တွင် အခြားသောအကြောင်းအချက်များရှိနေမည်မဟုတ်ပေ။ မိမိ၏အနုပညာကို ပိုမိုတတ်မြောက်အောင် လေ့လာသင်ကြားလိုစိတ်သာဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဖြူစင်သောစိတ်ရှိနေ၍ မကောင်းမှုအတွေးအခေါ်များ ကင်းစင်နေမည်သာဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်များနှင့်ပတ်သက်လာလျှင် ပညာအမွေများကိုလက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသောမိမိတို့၏ဘိုးဘွားဆရာသမားများကို များစွာကျေးဇူးတင်ရပေမည်။ ဆရာကောင်းတို့သယ်ဆောင်ကာ လက်ဆင့်ကမ်းခဲ့သည့်အတွက် ယနေ့တိုင်အနုသုခုမပညာရပ်များ ခိုင်မာစွာတည်တံ့နေခြင်းဖြစ်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်အားလုံးကြောင့်သာ ပြိုင်ပွဲဝင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါတတ်မြောက်ထားသော ပညာရပ်များကို ယခုကဲ့သို့နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးကျင်းပခြင်းမပြုပါက လည်း ပညာရပ်များမှာတိုးတက်သင့်သလောက်တိုးတက်လာနိုင်မည်မဟုတ်ပေ။ နိုင်ငံတော်အစိုးရ၏ဦးဆောင်စီစဉ်ပေးမှုသည်လည်း ပြည်သူအားလုံးနှင့် ပြိုင်ပွဲဝင်အားလုံး၊ သဘင်၊ ဂီတနယ်ပယ်ရှိ ပညာရှင်အားလုံးအတွက် အလေးအနက်ထားကျေးဇူးတင်စရာဖြစ်သည်။ ပြိုင်ပွဲဝင်ပေါင်း ၂၄၀၀ ကျော်တို့၏ နေထိုင်သွားလာမှု၊ ပြိုင်ပွဲဝင်မှုကိစ္စရပ်အားလုံးကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးခြင်းကြောင့်လည်း ပြိုင်ပွဲတွင်စိတ်အေးချမ်းသာစွာဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နယ်ပယ်တစ်ခုနှင့်တစ်ခု အသိမိတ်ဆွေတိုးပွားလာသလို မိတ်ဟောင်းဆွေဟောင်းများနှင့်လည်း ဆုံဆည်းကြရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်အလေးအနက်ထားကျင်းပပေးနေခြင်းဖြင့် ပြိုင်ပွဲများမှတစ်ဆင့် လေးစားအားကျဖွယ် သမ္မာရင့် ဝါရင့်အနုပညာရှင်ကြီးများနှင့် လူငယ်မျိုးဆက်သစ်တို့အကြား အနုပညာရပ်များကို လက်ဆင့်ကမ်းကာ အနုပညာသွေးသစ်လောင်းနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာဆုရရှိရေးအတွက်သာမက မြန်မာ့ရိုးရာအနုပညာများရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့်အနုပညာရှင်များပေါ်ထွန်းလာရေးကိုလည်း ဦးတည်ခြင်းဖြစ်သည်။ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပုံများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံတကာကပါ မြန်မာတို့၏ယဉ်ကျေးသိမ်မွေ့မှု၊ အေးချမ်းတည်ငြိမ်မှုကို မြင်တွေ့ကြရပြီဖြစ်သည်။

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာသည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများကို နားလည်သဘောပေါက်မှသာ မိမိတို့၏ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်ဖြစ်သည်။

"ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့်မိမိတို့၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးမည်ဆိုပါက ကိုယ့်နိုင်ငံကိုယ့်လူမျိုးအကျိုးကိုကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း"ဟူသော နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် လမ်းညွှန်မှာကြားချက်ကိုလည်း အလေးအနက်ထားရမည်ဖြစ်ပေသည်။

ယခုအခါ (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးဖြစ်သည့်အတွက် နိုင်ငံတော်ကလိုအပ်ချက်မရှိအောင် စီစဉ်ဆောင်ရွက်ပေးသကဲ့သို့ပြိုင်ပွဲဝင်တစ်ဦးချင်း(အဖွဲ့လိုက်အပါအဝင်)ကလည်း စည်းစနစ်ကျနစွာ တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပညာရပ်နှင့်ဆက်နွယ်သူအပေါင်းတို့သည် **မြန်မာ့ရိုးရာအနုပညာများ ရှင်သန်တည်တံ့ရေး၊ အရည်အချင်းရှိသည့်အနုပညာရှင်များပေါ်ထွန်းလာရေး**ကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်

ညောင်ရွှေ အောက်တိုဘာ ၂၉

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ယနေ့နံနက်ပိုင်းတွင် မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် စွမ်းအင်သုံးစွဲမှုလျှော့ချနိုင်ရေး၊ အင်းရေပြင်တွင် စက်ဆီများညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် အင်းလေးအစုအဖွဲ့မှ ဆောင်ရွက်ထားသော EV စက်လှေဖြင့် အင်းလေးဒေသထွက်ကုန်ဖြစ်သည့် ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ငရုတ်သီး သယ်ဆောင်ပေးပို့မှု သရုပ်ပြသခြင်း၊ အင်းလေးဒေသ ရိုးရာဆွမ်းပို့လှေများ သရုပ်ပြသခြင်း၊ လှေယဉ်အလှအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ကရဝိက်ဖောင်တော်ဖြင့် ကြွချီလာရာ ရုပ်ပွားတော် ပထမအဆူကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ဒုတိယအဆူကို ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ တတိယအဆူကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်စတုတ္ထအဆူကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပင့်ဆောင်ကြပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် ပလ္လင်ပေါ်သို့ ပင့်ဆောင်ပေးကြသည်။



ထို့ပြင် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား ၄၆ တက်၊ အမျိုးသားရာကျော်လှော၊ အမျိုးသမီး ၂၆ တက်၊ ကျောင်းသား ၂၆ တက်၊ ကျောင်းသားတစ်ဦးချင်း လှေလှော်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများယှဉ်ပြိုင်ရာ ပြိုင်ပွဲဝင်အသင်းများက စည်းလုံးညီညွတ်မှုအား ဖြင့် ကြိုးစားယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ခရီးသွားဘုရားဖူးဧည့်သည်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ လှေယဉ်၊ ဆွမ်းပို့လှေဂုဏ်ပြုဆုများကို အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတို့ကလည်းကောင်း၊ အမျိုးသား ၄၆ တက်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့်အသင်းများကို ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးကလည်းကောင်း၊ အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများနှင့် တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ကျောင်းသား ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကလည်းကောင်း၊ အမျိုးသား ၄၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကလည်းကောင်း၊ အမျိုးသမီး ၂၆ တက်ပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ဒုတိယ၊ ပထမဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲကို နောင်အင်းလေးသီချင်းဖြင့် အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းသည့် RC တစ်ထပ် သာသနိကအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် ယခင်လှူဒါန်းထားသော အသင့်တပ်ဆင်စာသင်ကျောင်းဆောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရက AHA Centre မှတစ်ဆင့် အသင့်တပ်ဆင် စာသင်ကျောင်းဆောင် (Prefabricated School) ကိုးဆောင်နှင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကိုးခမ်းကြီး ဘုန်းကြီးကျောင်း၌ အလှူးပေ ၅၀၊ အနံ ပေ ၃၀ အကျယ် အဝန်းရှိ RC တစ်ထပ် သာသနိက အဆောက်အအုံ တစ်လုံးတို့ကို လှူဒါန်းခဲ့ရာ အဆိုပါ သာသနိက အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ကိုးခမ်းကြီး ဘုန်းကြီးကျောင်း သာသနိကအဆောက်အအုံ၌ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောဝန်ကြီး ဒေါက်တာကိုကိုလွင်နှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံဥက္ကဋ္ဌ ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စမာရီယာ ထရက်ဆာ ပရဲညိ လာဇာရို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံးမှ တာဝန်ရှိသူများ၊ AHA Centre မှ အမှုဆောင် ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



လွှဲပြောင်းပေးအပ်ပွဲ၌ ပြည်ထောင်စုဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံအစိုးရသည် မန္တလေးငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးကာလအတွင်း၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးအဖွဲ့များ စေလွှတ်ကူညီခဲ့ရုံမျှမက ငလျင်ဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အသင့်တပ်စာသင်ဆောင်များ၊ သာသနိကအဆောက်အအုံနှင့် လှူဖွယ်ပစ္စည်းများကိုပါ ထောက်ပံ့လှူဒါန်းခဲ့သည့်အတွက် ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် ပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အားလျော်စွာနှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှုများဖြင့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးကြသည့် မိတ်ဖက်နိုင်ငံများဖြစ်ကြပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး (No One Left Behind)မူဖြင့် ကဏ္ဍစုံမှ ထည့်သွင်းစဉ်းစားထောက်ပံ့ကူညီမှုများကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းနှင့် လှူဒါန်းမှုဖြစ်မြောက်စေရေးအတွက် AHA Centre ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါကြောင်းပြောကြားသည်။

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စမာရီယာ ထရက်ဆာ ပရဲညိ လာဇာရို ကျေးဇူးတင်စကားပြောကြားရာတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်များကို မကြာခဏ တွေ့ကြုံခံစားရလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် ငလျင်ဘေးသင့်သူများ၏ ထိခိုက်ဝမ်းနည်းမှုများကို ထပ်တူခံစားမိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ကဏ္ဍစုံပါဝင်သည့် လှူဒါန်းမှုများသည် ဘေးသင့်ပြည်သူများအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိထိရောက်ကြောင်း မြင်တွေ့သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၇၀) ပြည့်မြောက်သည့်အခါသမယတွင် လာရောက် လွှဲပြောင်းလှူဒါန်းရသည့်အတွက်လည်း အထူးဂုဏ်ယူမိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် AHA Centre ၏ အမှုဆောင်ဒါရိုက်တာက လှူဒါန်းတည်ဆောက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးတို့က လှူဒါန်းပစ္စည်းများ လွှဲပြောင်းခြင်း၊ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့ အ.ထ.က (သပြေပင်)ကျောင်းသို့သွားရောက်၍ ဖိလစ်ပိုင်နိုင်ငံအစိုးရက လှူဒါန်းထားသည့် အသင့်တပ်ဆင်စာသင်ဆောင်အား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက စုပေါင်းသွေးလှူဒါန်းမှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာ၌ ပြုလုပ်သည်။

သွေးလှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်ပြည်သူများ စုစုပေါင်း ၂၀၀ဦးတို့က သွေးလှူဒါန်းနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအား အာဟာရဖြည့်စွက်စာများကိုပေးအပ်၍ ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အကြီးတန်း တစ်ဦးချင်းစိတ်ကြိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုများ၊ အကြီးတန်း သုံးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အကြီးတန်း ကိုးဦးတွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ ဆုတံဆိပ် အများဆုံးရရှိသော သဃ်န်းကျွန်း ခရိုင်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့သည်။ အဆိုပါပြိုင်ပွဲကို အားကစားသမား ၁၆၈ ဦးဖြင့် အောက်တိုဘာ လ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသည့် ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲဘြိုလာဇာရိအား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး မူဘောင်အောက်တွင် နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ၊ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပိုမိုခိုင်မာစေရေးနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံမူဘောင်အောက်တွင် အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့်အခွင့်အရေးများ ပြန်လည်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ မကြာမီကျင်းပမည့် (၄၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” အတွက် ဦးစားပေးရည်မှန်းချက် နှစ်ရပ်ထားရှိကာ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကြိုးပမ်းမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်ပမှလက်ခံရရှိသည့် လူသားချင်းစာနာမှုအကူအညီများအပြင် အစိုးရအနေဖြင့် မိမိတို့၏ အရင်းအမြစ်များကို အသုံးပြု၍ ပြည်သူများအတွက် ကူညီပံ့ပိုးပေးနေမှုများ၊ ပြည်တွင်းရှိပြည်သူများနှင့် ပြည်ပရှိမြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးမှုများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံမူဘောင်အောက်တွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်၍အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကိုမထိခိုက်စေဘဲ အစိုးရ၏ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အလေးထားပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်သည့်နောက်ဆုံး ခရီးစဉ်အတွင်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အကူအညီလိုအပ်ယူများထံသို့အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ရှုခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ယခုခရီးစဉ်အတွင်း လေ့လာသိရှိခဲ့ရမှုများကို မကြာမီကျင်းပမည့် (၄၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများကို ပြန်လည်ဖော်ဆောင်နိုင်မည့် မြန်မာဦးဆောင်သောမြန်မာ့ကိုယ်ပိုင်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီများ ပိုမိုပေးအပ်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံမူဘောင်အောက်တွင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ MGallery Sofitel ဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **မြဝတီ**



မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၂၉

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂီယနာဝင်ဘဝရှင်မင်းတုန်းမင်းတရားကြီးတည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၃၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက် ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ် စွာဘုရား အာရုံခံတန်ဆောင်းကြီး၌ ကျင်းပသည်။

အဆိုပါ ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာတော်အပေါင်း ၂၅၇၀ ၊ သီလရှင် အပေါင်း ၂၅၇၀ တို့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများက တက်ရောက်ကြည်ညိုလောင်းလှူကြပြီး ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

ထို့အတူ အမရပူရခရိုင် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ရတနာ ပုဏ္ဏာဝရဒါဠဂါဓာတုစေတိယစွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှလျှဒါန်းပြီး မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှကူညီဆောင်ရွက်ခဲ့သည့် ဆလိုက်မီးများ တပ်ဆင်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားသို့တက်ရောက်ကြသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးမြို့အခြေစိုက် တရုတ် ကောင်စစ်ဝန်ချုပ် ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ဆလိုက်မီးတပ်ဆင်မှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ချုပ်တို့က ကမ္ဘည်းကျောက်စာအား ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

မြဝတီ

➡ အားကောင်းသောလေဖိအားနည်းမှ

ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသောနီကိုးဘားကျွန်းတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အောက်တိုဘာလ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသောကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/၎လ)**

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ လက်ခံတွေ့ဆုံ

● ဧရာဝတီတိုင်းဒေသကြီးမှ

“ဧရာဝတီတိုင်းဒေသကြီးမှာ ဒေသအလိုက်ပေါ်ဆန်းမျိုးကွဲပေါင်းများစွာရှိနေတဲ့အတွက် အရည်အသွေးကျဆင်းမှုမရှိအောင် ဌာနအနေနဲ့ မျိုးစေ့ထုတ်စိုက်ခင်းတွေကို သီးခြားစိုက်ပျိုးထားတာရှိပါတယ်။ တောင်သူတွေ ထွက်နှုန်းကောင်းအောင် ဌာနကအစဉ်တစိုက် ဆောင်ရွက်ပေးပြီး ဆန်အရည်အသွေးကောင်းအောင် ကြိတ်ခွဲထုတ်လုပ်ရာမှာ သတ်မှတ်ချက်နဲ့ အညီထုတ်လုပ်ဖို့လည်း ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေနဲ့ ပေါ်ဆန်းစပါး အရည်အသွေးနဲ့ အထွက်နှုန်းကို ဆက်လက်ထိန်းသိမ်းပြီး တိုးချဲ့စိုက်ပျိုးသွားဖို့ရှိပါတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းအောင်သန်းက ပြောသည်။

မိုးစပါးအဖြစ်စိုက်ပျိုးထားသည့် ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီး၌ ဧက ၁၃ သိန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၄၇၂၂ ဧက၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၇၁၄၄ ဧကနှင့် ပဲခူးတိုင်းဒေသကြီး၌ ၂၀ဖဖြဖြ၉ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

ပေါ်ဆန်းစပါးကို ဧရာဝတီတိုင်းဒေသကြီး ခရိုင်ရှစ်ခရိုင်ရှိ မြို့နယ်ပေါင်း ၂၀တွင်ပေါ်ဆန်းမွေး၊ ပေါ်ဆန်းဘေးကြား၊ ဘေးကြားတောင်ပြန်နှင့် ပေါ်ဆန်းရင် မျိုးစပါးလေးမျိုးအပြင် လက်ပံပေါ်ဆန်းနှင့် သောကြာပေါ်ဆန်း မျိုးစပါးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ခုနစ်ခုတွင် ရွှေဘိုပေါ်ဆန်းနှင့် ရေဆင်းပေါ်ဆန်း(၁) မျိုးစပါးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်ရှစ်ခရိုင်ရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်၌ ပေါ်ဆန်းမွေး၊ ပေါ်ဆန်းရင်၊ ရွှေနံ့သာပေါ်ဆန်း၊ ရေဆင်းပေါ်ဆန်း(၁)၊ ရေဆင်းပေါ်ဆန်း(၂) မျိုးစပါးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) မျိုးစပါးကိုလည်းကောင်း စိုက်ပျိုးထားသည်။

ဧရာဝတီတိုင်း ဒေသကြီး၌ ပေါ်ဆန်းရင်တစ်ဧကလျှင် ၆၅ တင်း နှင့်၇၅တင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ရွှေဘိုပေါ်ဆန်းတစ်ဧကလျှင် ၈၁ ဒသမ ၅၈ တင်းနှင့် ရေဆင်းပေါ်ဆန်းတစ်ဧကလျှင် ၁၁၃ ဒသမ ၁၀ တင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ပေါ်ဆန်းတစ်ဧကလျှင် ၇၂ ဒသမ ၂၅ တင်း၊ ပဲခူးတိုင်းဒေသကြီး၌ ရေဆင်းပေါ်ဆန်း(၁) တစ်ဧကလျှင် ၈၉ ဒသမ ၂၇ တင်း၊ ရေဆင်းပေါ်ဆန်း(၂) တစ်ဧကလျှင် ၉၀ ဒသမ ၄၂ တင်း ထွက်ရှိနိုင်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနများမှ ခန့်မှန်းထားသည်။

“ပဲခူးတိုင်းဒေသကြီးမှာပေါ်ဆန်းနှစ်မျိုးပဲ စိုက်ပျိုးတာကြောင့် မိုးစပါးရိတ်သိမ်းပြီးတာနဲ့ ရေဆင်းပေါ်ဆန်း(၁)နဲ့(၂)ကို ခေါင်လန်မျိုးပွားစနစ်နဲ့ မျိုးအရည်အသွေးကို ထိန်းသိမ်းပြီး လာမယ့်နွေနဲ့မိုးရာသီမှာ မျိုးစပါးအဖြစ် ဆက်လက်စိုက်ပျိုးသွားဖို့ရှိပါတယ်” ဟု ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်ဆန်းက ပြောသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး

➤ ရွှေဖုံးမှအဆက်

ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ ဆက်သွယ်ရေးစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုနှင့် နည်းပညာဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုတို့ကို ယနေ့တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိသူများက 5G ဆက်သွယ်ရေးကွန်ရက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စခန်းများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကွန်ရက်လွှမ်းခြုံမှုတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များနှင့် နည်းပညာဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက 5G ဆက်သွယ်ရေး နည်းပညာသည် မြန်နှုန်းမြင့်ဒေတာဆက်သွယ်မှု၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်မှုနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြုဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ 5G ဆက်သွယ်ရေးကွန်ရက်များ အကောင်အထည်ဖော်ရာတွင် နည်းပညာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ကွန်ရက်တည်ငြိမ်ကောင်းမွန်မှုနှင့်ဝန်ဆောင်မှုအရည်အသွေးပြည့်မီစေရန်၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၏လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းပြုပြင်မှုများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

5G ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ဒီဂျစ်တယ်စီးပွားရေး၊ စမတ်မြို့ပြဖွံ့ဖြိုးရေး၊ အင်တာနက်အခြေပြုဝန်ဆောင်မှုများနှင့် နည်းပညာအသုံးချလုပ်ငန်းများတိုးတက်လာစေရန် အထောက်အကူပြုမည်ဖြစ်သဖြင့် ဆက်သွယ်ရေးကွန်ရက်များ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးအော်ပရေတာများမှ ဆောင်ရွက်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကယားပြည်နယ် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

❖ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်ရန် ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသား ရေးစိတ်ဓာတ်နှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုး လေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်၊ ယင်း စိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့် မြှင့်တင်ပေးနိုင်မည် ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက် လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ် . . .

★ **ရှေ့ဖုံးမှအဆက်**

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်ပရိသတ်များ၊ အကဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်များအားလုံး မိမိတို့၏အမျိုးသား ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သပါကြောင်း။

ယနေ့အခမ်းအနားသည် ပြိုင်ပွဲဝင်အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းသည့်အခမ်းအနားလည်းဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့်ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက (၂၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ယခင်နှစ် (၂၆)ကြိမ်မြောက် ပြိုင်ပွဲတွင်မန္တလေးငလျင်ကြီးကြောင့် ပြိုင်ပွဲအမျိုးအစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်(၃၁)ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၊ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင်အနုပညာရှင် ၂၃၄၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ယင်းသည်မြန်မာ့ရိုးရာအနုပညာကို ချစ်မြတ်နိုးသည့်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့်လာသည်ကိုဖော်ပြနေကြောင်း။

ပြိုင်ပွဲဝင်အနုပညာရှင်အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာကိုချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း။

ထို့ပြင် ယခုနှစ်တွင် မျိုးဆက်သစ်လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည်မိမိတို့၏ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့် အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့တတ်မြောက်ထားသည့် အနုပညာပညာရပ်များကို ပိုမိုတိုးတက်အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ်မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကို ရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ ခိုင်မာရန်လည်းလိုအပ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှုဟူသည့် နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်တေးသီချင်း၊ မြန်မာ့မှုဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့အပါအဝင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသောအနုပညာအမွေအနှစ်များကိုလည်း ဆိုလိုကြောင်း၊ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်း အဆိုးအကောင်းနှင့် မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။

ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာ ပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင် မောင်နှမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကို မောင်နှမများ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုပေါင်းစည်းသည့်ပွဲဟုဆိုနိုင်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြားတွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားအကျိုးစီးပွားကို

စာမျက်နှာ ၁၆ သို့ ★

ဆုရရှိခြင်းသည် မိမိတို့၏ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့်အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့တတ်မြောက်ထားသည့် အနုပညာပညာရပ်များကို ပိုမိုတိုးတက်အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ်မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကချင်ပြည်နယ်၊ ကချင်ရိုးရာ "ဆွတ်ငိုင်မုန်း"အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ဖျော်ဖြေကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး အဆို(မဟာဂီတ)ပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၁၅ မှ**

ဖော်ဆောင်ရန်ဆိုပါက မျိုးဆက်သစ်လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မိမိတို့၏ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးလေးစားတန်ဖိုးထားမှုများ ရှင်သန်ခိုင်မာနေရန်လိုအပ်ကြောင်း၊ ယင်းစိတ်ဓာတ်များကို အနုပညာစွမ်းပကားဖြင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအကျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့သမိုင်းအစဉ်အလာ ရိုးရာယဉ်ကျေးမှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများကို မျိုးဆက်သစ်လူငယ်များသိရှိနားလည်ပြီး မြတ်နိုးထိန်းသိမ်းလာစေရန်လိုအပ်ကြောင်း၊ အလားတူ ဝါရင့်အနုပညာရှင်ကြီးများ၏ပညာနှင့်အတွေ့အကြုံများကိုလည်း လူငယ်များထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ကြောင်း၊ အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် လက်တွေ့လေ့ကျင့်သင်ယူမှုနှင့် ဆရာတပည့်အစဉ်အလာကိုအခြေခံသောကြောင့် ပညာရှင်ကြီးများ၏ သင်ကြားပြသမှုနှင့် လူငယ်များ၏ ကြိုးစားသင်ယူမှုတို့ ပေါင်းစပ်မှသာ ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မဟာဂီတ၊ ရိုးရာတူရိယာ၊ မြန်မာ့မူဟန်အက၊ ဧရာတ်သဘင်နှင့် ရုပ်စုံသဘင်တို့၏ တန်ဖိုးရှိသည့် အနုပညာလက်ရာများကို ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းပြီး မျိုးဆက်သစ်များ လေ့လာသင်ယူနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိ အသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်



ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်သမ္မတက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက်“သယံဇာတပေါကြွယ်သည့်ပြည်နယ်” ဟု အဓိပ္ပာယ်ရရှိသည့် ကချင်ပြည်နယ်၊ ကချင်ရိုးရာ“ဆွတ်ဝိုင်မုန်း”အကဖြင့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ဖျော်ဖြေကပြတင်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတဦးညီစောက ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင်အထူးဆု၊ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက အဆို(မဟာဂီတ) ပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက အဆို(မဟာဂီတ)ပြိုင်ပွဲဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို (ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲဝါသနာရှင်အဆင့်(ပထမ

ဇလွန်မြို့နယ်ရှိ ဧရာဝတီ-ဟင်္သာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာ ပန်းတာအား ပွင့်လင်းရာသီတွင် အခိုင်အမာပြုပြင်ဆောင်ရွက်သွားမည်



နေပြည်တော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ဧရာဝတီ-ဟင်္သာတတာ တာမိုင် ၂၉/၆ မှ ၃၀/၄ အတွင်းရှိ ညောင်ပင်သာပန်းတာအားပွင့်လင်းရာသီတွင် အခိုင်အမာပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာလ ၂၆ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ် ကျော်သည် တာဝန်ရှိသူများနှင့် အတူ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် တာကိုယ်ထည် ကြံ့ခိုင်မှုရှိစေရန်အတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မြေသားကောင်းများကို ရွေးချယ်၍ ဖို့ကြိတ်ရန်၊ တာတမံများ ရေရှည်တည်တံ့ရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော တာတမံဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်၊ တာတမံနယ်နိမိတ်အတွင်း တာတမံဥပဒေပါ တားမြစ်ချက်များနှင့် မလွတ်ကင်းသော ဆောင်ရွက်ချက်များ၊ ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သည့် ကျူးကျော်လုပ်ဆောင်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျကြပ်မတ်တားဆီးသွားရန်၊ တာတမံကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများအား ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ ဟန်ချက်ညီညီပူးပေါင်း၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ညောင်ထုန်းမြို့နယ် ဂန်ချောင်းကျေးရွာရှိ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၅ မှ ၁၃/၃ မိုင်ကိုလည်းကောင်း၊ မအူပင်မြို့နယ်ရှိ ထနီးရေတံခါးနှင့် လှိုင်းတာရေတံခါးများ၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ သန်လျင်မြို့နယ်ရှိ ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

40th ASEAN Senior Amateur Championship 2026

ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာစီနီယာအပျော်တမ်း ဂေါက်သီးရိုက်အသင်း တံခွန်စိုက်ချန်ပီယံဆုအပါအဝင် အောင်မြင်မှုများရရှိ



ဖိလစ်ပိုင် အောက်တိုဘာ ၂၉

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာလ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် 40th ASEAN Senior Amateur Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အသင်းသည် အသင်းလိုက်ပြိုင်ပွဲများတွင် တံခွန်စိုက်ချန်ပီယံဆု အပါအဝင် ဆုတံဆိပ်များနှင့် တစ်ဦးချင်းဆုများကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံရှိ Eagle Ridge Golf and Country Club ၏ Nick Faldo နှင့် Andy Dye ဂေါက်ကွင်းများတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ အသက် ၅၅ နှစ်နှင့်အထက် စီနီယာအပျော်တမ်းဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၂၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင်အသင်းလိုက်အကျော်ဓဲ့ပြိုင်ပွဲ (Team Gross) ၌ ဦးကိုကိုအေး (MGF)၊ ဦးအိုက်ပန်း (MGF)၊ ဦးစိုး (မန္တလေး)၊ ဦးစိုင်းဖိလစ်ရီ၊ ဦးဆန်းမင်းနှင့် ဦးအောင်လင်းတို့ ပါဝင်သော မြန်မာအသင်းက ဒုတိယဆုကိုရရှိခဲ့သည်။

အသင်းလိုက်အကျောပေးပြိုင်ပွဲ (Team Handicap) ၌ ဦးလှမြင့်ရွှေ (MGF)၊ ဦးတင်မောင်မောင်ထင်း (MGF)၊ ဦးဝင်းမြင့်ချင်း (MGF)၊ ဦးကိုကိုအောင်၊ ဦးစိုင်းအိုက်အောင်နှင့် ဦးဆန်းအောင်တို့ပါဝင်သော မြန်မာအသင်းက ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ထို့ပြင် Stableford ပြိုင်ပွဲ၏ သက်တမ်းအလိုက် အသင်းလိုက်ပြိုင်ပွဲတွင် ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) MGF၊ ဦးအောင်ကြည် (MGF)၊ ဦးခင်မောင်တင့်၊ ဦးရွှေထွန်းလှိုင်၊ ဦးအောင်ဝင်း၊ ဦးကျော်ထွန်း၊ ဦးလွှမ်းအောင်နှင့် ဦးကျော်နိုင်ဝင်းတို့ ပါဝင်သော မြန်မာအသင်းက တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်။ ယင်းအပြင် တစ်ဦးချင်းပြိုင်ပွဲများတွင်လည်း မြန်မာကစားသမားများက ဆုများကို အသီးသီးရရှိခဲ့ကြသည်။

မြန်မာစီနီယာအပျော်တမ်း ဂေါက်သီးရိုက်အသင်းတွင် ကစားသမားများအဖြစ် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယကဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ ဦးအောင်ကြည်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇာနည်ဝင်း၊ ဦးတင်ကိုကိုနှင့် ဦးလှမြင့်ရွှေ (မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌ) တို့ ပါဝင်ခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်း (ပြိုင်ပွဲဝင်အသင်း ဒုတိယခေါင်းဆောင်)၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးဝင်းမြင့်ချင်း၊ ဦးအိုက်ပန်း၊ ဦးစိုးနှင့် အခြားပြိုင်ပွဲဝင်ကစားသမားများဖြစ်ကြသော ဦးဇော်မင်း (ခ) လှလှဦးကျော်မြင့်လှိုင်၊ ဦးရန်ဟိုး၊ ဦးစိုင်းဖိလစ်ရီ၊ ဦးမိုးဆန်းအောင်၊ ဦးဆန်းမင်း (မလမ)၊ ဦးခင်မောင်တင့်၊ ဦးစိုးလှိုင်၊ ဦးရွှေထွန်းလှိုင်၊ ဦးကျော်ထွန်း၊ ဦးအောင်ဝင်း၊ ဦးအောင်လင်း၊ ဦးလွှမ်းအောင်၊ ဦးကျော်နိုင်ဝင်း၊ ဦးထင်လင်းသူ၊ ဦးမင်းဝေ၊ ဦးခင်မောင်သက်၊ ဦးကိုကိုအောင်၊ ဦးဆန်းအောင်နှင့် ဦးစိုင်းအိုက်အောင်တို့လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ASEAN Senior Amateur Golf Associations အဖွဲ့ဝင်အဖြစ် ၂၀၂၃ ခုနှစ်တွင် စတင်ဝင်ရောက်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကျင်းပသည့် 40th ASEAN Senior Amateur Championship 2026 ပြိုင်ပွဲတွင် အသင်းလိုက်နှင့် တစ်ဦးချင်းဆုများ ဆွတ်ခူးရရှိခဲ့ခြင်းသည် မြန်မာစီနီယာအပျော်တမ်းဂေါက်သီးရိုက်အားကစား၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံများကို ထင်ဟပ်စေခဲ့သည်။

ယခုကဲ့သို့ နိုင်ငံတကာအဆင့် ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိခဲ့ခြင်းသည် မြန်မာ့ဂေါက်သီးအားကစား၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် အာဆီယံဒေသတွင်း စီနီယာအပျော်တမ်းဂေါက်သီးရိုက်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားတက်ဖွယ်ရာ ရလဒ်တစ်ရပ်ဖြစ်ခဲ့သည်။ မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/၈လ)

ချင်းပြည်နယ်အတွင်းရှိလမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးနှင့် ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေး



ဟားခါး အောက်တိုဘာ ၂၉

ချင်းပြည်နယ်အတွင်းရှိ လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတာဝန်များဆောင်ရွက်ရန် အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် အဖွဲ့ဝင်ပညာရှင်များ ချင်းပြည်နယ် ရောက်ရှိလာသည့် အချိန်ကာလအတွင်း ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အင်ဂျင်နီယာနည်းပညာပိုင်းအပြင် စီမံခန့်ခွဲရေးပိုင်းတွင်လည်း တတ်သိပညာရှင်များဖြစ်သောကြောင့် ချင်းပြည်နယ်အတွင်း ဆောက်လုပ်ထားသည့်လမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ ရင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ လမ်းဦးစီးဌာနအင်ဂျင်နီယာချုပ် (မြို့ပြ) ဦးသန်းထူးအောင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဘကောင်းတို့က ချင်းပြည်နယ်အတွင်းလမ်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ရာသီဥတုပူပြင်း၍ ရေရှားပါးမှုဖြစ်ပေါ်လာပါက ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အကြံပြုဖြည့်စွက်ဆွေးနွေးမေးမြန်းကြပြီး မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ်ခိုင်းစေပြီး ရရှိသည့်ငွေကြေးများအား ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၉

အမျိုးသမီးများကို ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ်ခိုင်းစေပြီး ရရှိသည့်ငွေကြေးများအား ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုချီအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်နေသူများဖြစ်သည့် အမျိုးသမီး ၁၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီးနေသူများဖြစ်သည့် သဇင်(ခ)ရာသက်ပန်၊ကျော်သူလင်း(ခ)ကိုပြည့်၊ အောင်လွင်ဦးနှင့်ဝေလင်းဦး၊ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်နေ လေးလေးမြင့်(ခ)ခွန်းနှင့်ပဲခူးတိုင်းဒေသကြီးနေ ဖြူစင်သော်(ခ)မိုချီတို့မှနည်းမျိုးစုံဖြင့် လိမ်လည်စည်းရုံးပြီး ၎င်းတို့နေထိုင်ရာဒေသမှ မန္တလေးသို့ခေါ်ယူပြီး ဘီယာဆိုင်နှင့် KTV ဆိုင်များသို့ စေလွှတ်ကာ ဧည့်သည်အမျိုးသားများနှင့် ဘီယာဝိုင်းတွင်ထိုင်စေခြင်း၊ ပြင်ပသို့လိုက်၍ အတူနေထိုင်စေခြင်း၊ အဆင်မပြေ၍ အလုပ်မလုပ်လို ကြောင်းပြောသော်လည်း ငွေကျပ် ၁၅ သိန်းပေးမှ ပြန်လည်စေလွှတ်မည်ဟုပြောဆိုခြင်း၊ အမျိုးသားများနှင့်ပြင်ပသို့လိုက်၍ အတူနေထိုင်ကာ တစ်ကြိမ်လျှင် ငွေကျပ် ၂ သိန်းမှ ၂ သိန်းခွဲထိပေးမည်ဟုပြောဆိုခိုင်းစေခြင်းကို စိစစ်ပေါ်ပေါက်သဖြင့် အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှတရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုနယ်မြေရဲစခန်း (ပ)၁၀/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သဇင်(ခ)ရာသက်ပန်၊ ကျော်မင်းထွန်း၊ ကျော်သူလင်း(ခ)ကိုပြည့်၊ အောင်လွင်ဦး၊ ဝေလင်းဦးနှင့် လေးလေးမြင့်(ခ)ခွန်းတို့ ၆ ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဖြူစင်သော်(ခ)မိုချီအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှား

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ မြန်မာစံတော်ချိန် (၁၃)နာရီ၊ (၁၂)မိနစ်၊ (၄၆)စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေလျင်ဗဟိုချက်ပြမြေပုံ



နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့ မွန်းလွဲ ၁ နာရီ ၁၂ မိနစ် ၄၆ စက္ကန့် အချိန်တွင် ကန့်ဘလူ မြေလျင်စခန်းမှ အနောက် - အနောက်မြောက်ဘက် ၅၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့ တောင်ဘက် ၂၇ မိုင်ခန့် အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ၇၁ဒီဂရီအနက်(၅၅)ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၉

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၄ ဒသမ ၇၅၇၀)တန်၊ သစ်မာ (၄ ဒသမ ၀၂၀၀)တန်၊ အခြား (၁၅ ဒသမ ၆၁၆၆)တန်၊ စုစုပေါင်း(၃၄ ဒသမ ၃၉၃၆)တန်၊ ယာဉ်/ယန္တရား (၂)စီး၊ တရားခံ (၄)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

(၂၉-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၂ ~ ၃၆၇၀	၅၅၇ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၉,၁၈၆,၄၉၈.၆၇	၁၅,၉၆၁,၉၇၈.၇၀	၂၀,၈၈၈,၅၇၅.၈၇	

၂၀၂၆ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ် နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ခုနစ်ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် သုံးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

ည‌အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ၆ ပေခွဲမှ ၈ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၃ ပေမှ ၄ ပေခွဲခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၅ ပေမှ ၆ ပေခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၄ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၄ ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

(မိုး/၈လ)



နောက်ကျဂိုးများဖြင့် ရခိုင်ယူနိုက်တက်အသင်းက Elite Kings ကို အနိုင်ယူပြီး သုံးပွဲဆက်နိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာလိဂ်ကော်မတီတို့ကြီးမှူးကျင်းပသည့် M League II 2026–2027 ဘောလုံးရာသီ ပွဲစဉ်(၃)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရခိုင်ယူနိုက်တက် အသင်းနှင့် Elite Kings အသင်းတို့ ယနေ့ည နေပိုင်းတွင် တက္ကသိုလ် အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ရခိုင်ယူနိုက်တက်အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရခိုင်ယူနိုက်တက် အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူ ကစားနိုင်သော်လည်း Elite Kings အသင်း နောက်တန်းကိုဖြတ်ကျော်နိုင်ခြင်းမရှိခဲ့ပေ။ Elite Kings အသင်းသည် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးဧရိယာပြင်ပကနေ Elite Kings အသင်း ခေါင်းဆောင် မင်းမြတ်စိုးက ဂိုးရယူနိုင်ခဲ့သဖြင့် ပထမပိုင်းအပြီးတွင် Elite Kings အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးရရှိရေး လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်မြင့်ကစားခဲ့ရာ ပွဲကစားချိန် ၄၉ မိနစ်တွင် ဝေမင်းထွဋ်၏ပိတ်သွင်းမှုဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။

တိုက်စစ်နှင့်ခံစစ် ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၅၁ မိနစ်တွင် ထွန်းနိုင်စိုးက ဒုတိယဂိုး၊ ပွဲကစားချိန် ၇၅ မိနစ်တွင် ဇော်ဇော်နိုင်က တတိယဂိုးများ ရခိုင်ယူနိုက်တက်အသင်း အတွက်သွင်းယူခဲ့ကြသည်။ လက်ကျန် ပွဲကစားချိန်အား ဆက်လက်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၇၆ မိနစ်တွင် ခွန်ဝင်းထွဋ်က Elite Kings အသင်းအတွက်ဒုတိယဂိုးသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ၄ ဂိုး ၂ ဂိုးဖြင့် ရခိုင်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားကြောင်း သိရသည်။ **ဝန်းရံခ**

▲ ကျော်ဖုံးမှအဆက်

အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မ ပြိုင်ပွဲများကိုယှဉ်ပြိုင်ခဲ့သည်။

အမျိုးသမီး (၄၉)ကီလိုတန်း ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ နော်အယ်ကညောဂျော့က အမြန်မစံချိန် ၆၇ ကီလို၊ နှစ်ဆင့်မ စံချိန် ၉၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၅၇ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဇင်ငြိမ်းအေးက အမြန်မစံချိန် ၅၀ ကီလို၊ နှစ်ဆင့်မ စံချိန် ၇၀ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၂၀ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပိစံက အမြန်မ စံချိန် ၄၄ ကီလို၊ နှစ်ဆင့်မ စံချိန် ၅၈ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၀၂ ကီလိုဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီး(၄၉)ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်အယ်ကညောဂျော့သည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမြန်မပြိုင်ပွဲ၏ စံချိန်ဖြစ်ကီလိုထက်ကျော်လွန်၍ ၆၇ ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မ ပြိုင်ပွဲ၏ စံချိန် ၈၆ ကီလိုထက်ကျော်လွန်၍ ၉၀ ကီလိုဖြင့်လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မ စုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၁၅၀ ကီလိုထက်ကျော်လွန်၍ ၁၅၇ ကီလိုဖြင့် လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်များ တင်နိုင်ခဲ့သည်။

ဆက်လက်၍ အမျိုးသား(၆၀) ကီလိုတန်း အုပ်စုအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စဇင်ဖြိုးအောင်က အမြန်မစံချိန် ၇၀ ကီလို၊ နှစ်ဆင့်မစံချိန် ၈၀ ကီလို၊ စုစုပေါင်းစံချိန် ၁၅၀ ကီလိုဖြင့် အဆင့်(၁)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဃသန်ဝိုးက အမြန်မစံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစံချိန် ၇၀ ကီလို စုစုပေါင်းစံချိန် ၁၃၀ ကီလိုဖြင့် အဆင့်(၂)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ပိုင်ဖြိုးက အမြန်မစံချိန် ၅၅ ကီလို၊ နှစ်ဆင့်မစံချိန် ၆၀ ကီလို စုစုပေါင်းစံချိန် ၁၁၅ ကီလိုဖြင့် အဆင့်(၃)ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထူးထက်ဇော်က အမြန်မစံချိန် ၅၀ ကီလို၊ နှစ်ဆင့်မစံချိန် ၅၀ ကီလို စုစုပေါင်းစံချိန် ၁၀၀ ကီလိုဖြင့် အဆင့်(၄)တို့ကို လည်းကောင်း ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၀ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလေးမပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား ဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

MFF ယူ-၁၆ ဖူဆယ်လိဂ် ပြိုင်ပွဲများကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၉

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ် ပွဲစဉ်(၁၅)ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ကျင်းပသည်။

နံနက် ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် UNITED CITY အသင်းနှင့် TKA STAR အသင်းတို့ပွဲတွင် TKA STAR အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင်ယှဉ်ပြိုင်ကစားသည့် PACIFIC SUN FAR အသင်းနှင့် AVENGERS JUNIOR အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင်ယှဉ်ပြိုင်ကစားသည့် MERREIN အသင်းနှင့် JULLNISS အသင်းတို့ပွဲတွင် တစ်ဖက် ၃ ဂိုးစီဖြင့်သရေကျခဲ့သည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ယှဉ်ပြိုင်ကစားသည့် SGF YOUTH အသင်းနှင့် BUSHIDO အသင်းတို့ပွဲတွင် SGF YOUTH အသင်းက ၈ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်ယှဉ်ပြိုင်သည့် VICTORIA အသင်းနှင့် FFU MINMAHAW အသင်းတို့ပွဲတွင် တစ်ဖက် ၆ ဂိုးစီဖြင့်သရေကျခဲ့ပြီး ညနေ ၄ နာရီတွင် ယှဉ်ပြိုင်သည့် MAHAR BURMA အသင်းနှင့် SHWE PYI THAR UTD အသင်းတို့ပွဲတွင် MAHAR BURMA အသင်းက ၉ ဂိုး ၅ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

လီဗာပူးအသင်း ချဲလ်ဆီးအသင်းကိုပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်

လီဗာပူး အောက်တိုဘာ ၂၉

EFL Cup ပြိုင်ပွဲရှုံးထွက်ပွဲစဉ်တွင် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ အင်္ဂလန်နိုင်ငံ လီဗာပူးမြို့ Anfield ကွင်း၌ ယနေ့နံနက် ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ချဲလ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။



ပထမပိုင်းစတင်ချိန်တွင် အသင်းကြီးနှစ်သင်းဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲကစားချိန်မိနစ် ၄၀ တွင် ချဲလ်ဆီးအသင်းအတွက် မော်ဂန်ရော်ဂျာက ပယ်နယ်တီမှတစ်ဆင့်ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လီဗာပူးအသင်းတိုက်စစ်မြင့်ကစားခဲ့ပြီး ပွဲကစားချိန် ၄၃ မိနစ်တွင် လီဗာပူးအသင်းအတွက် ကိုဒီဂတ်ပိုက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်လည်သွင်းယူခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အပြန်အလှန်တိုက်စစ်မြင့်ကစားခဲ့ကြသော်လည်း ရရှိလာသည့် အခွင့်အရေးများကို နှစ်ဖက်အသင်းကစားသမားများ အသုံးချနိုင်ခြင်း မရှိသောကြောင့် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ယခုပွဲစဉ်သည် ရှုံးထွက်ပွဲစဉ်ဖြစ်သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းကြရာ လီဗာပူးအသင်းက ချဲလ်ဆီးအသင်းကို ၆ ဂိုး ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ကွားကြောင်း သိရသည်။ **ZMO**

➢ M League မှ

သီဟဒီပကွင်းတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၃)နေရာမှ မြဝတီအသင်းနှင့်အဆင့်(၃)နေရာမှ ဒဂုံစတားယူနိုက်တက်အသင်းတို့ နောက်ဆုံးကစားခဲ့ကြသည့်ပွဲတွင် မြဝတီအသင်းသည် ရှမ်းယူနိုက်တက်အသင်းကို ရှုံးနိမ့်ထားကာ ဒဂုံစတားယူနိုက်တက်အသင်းသည် ရတနာပုံအသင်းနှင့်သရေကျထား၍ နိုင်ပွဲရှာအသင်းနှစ်သင်း ထိပ်တိုက်တွေ့သည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။

ပထမပိုင်းပွဲစသည်နှင့် ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကို ဦးဆောင်ပြီး ပြိုင်ဘက်အသင်းကို ဖိအားပေးကစားခဲ့သည်။ မြဝတီအသင်းကလည်း ဒဂုံစတားယူနိုက်တက်အသင်း၏ တိုက်စစ်ကို အကောင်းဆုံးကာကွယ်ပြီး အဖွင့်ဂိုးရရှိရန် အချိတ်အဆက်မိမိကစားခဲ့သည်။ ပွဲကစားချိန် ၁၉ မိနစ်တွင် တန်ပြန်တိုက်စစ်ကနေ မျိုးမင်းခန့်က မြဝတီအသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုး ဂိုးမရှိဖြင့် မြဝတီအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားခဲ့ပြီး သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ပွဲကစားချိန် ၆၆ မိနစ်တွင်ညီနိုင်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၇၆ မိနစ်တွင် ဇော်ဗိုလ်ဗိုလ်ထွဋ်က အနိုင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗဟန်းကွင်းတွင် ယှဉ်ပြိုင်ကစားသည့် အဆင့်(၁၀)နေရာမှ ဟံသာဝတီယူနိုက်တက်အသင်းနှင့် အဆင့်(၅)နေရာမှ ရတနာပုံအသင်းတို့ ဆုံတွေ့ခဲ့ကြပြီး ပထမအကျော့တွေ့ဆုံမှုတွင် ရတနာပုံအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထား၍ ရှုံးကြွေးဆပ်နိုင်ဖို့ ဟံသာဝတီယူနိုက်တက်အသင်းအကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့သည်။

ပထမပိုင်းအပြီးတွင် တစ်ဖက်နှင့် တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၇၀ တွင်စတွင်အဝါးက ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခြင်းကြောင့် ရတနာပုံအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **ဝန်းရံခ**

အားကစားမြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

MYAWADY IN ENGLISH DAILY EDITION

President U Min Aung Hlaing delivers speech at the prize-presentation ceremony for 27th Myanmar Traditional Cultural Performing Arts Competition

NAY PYI TAW October 29

The award presentation ceremony of the 27th Myanmar Traditional Cultural Performing Arts Competition was held at the Myanmar International Convention Centre-I (MICC-I) this morning. President of the Republic of the Union of Myanmar U Min Aung Hlaing attended the ceremony, delivered an address and presented awards.



President U Min Aung Hlaing delivers speech at the prize-presentation ceremony of the 27th Performing Arts Competition.



President U Min Aung Hlaing presents prize to a winner in the 27th Performing Arts Competition.



President U Min Aung Hlaing presents prize to a winner in the 27th Performing Arts Competition.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo and wife, Union-level dignitaries, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, deputy ministers, members of Leading Committee, Work Committee and Subcommittee for Organizing the Competition, regional and state ministers, members of the panel of judges, supervisors, trainers, supporters, national brethren contestants from regions and states and officials.

Speaking on the occasion, the President extended greetings and best wishes to the state-level and Union-level dignitaries, officials, distinguished guests, esteemed members of the panel of judges, and all contestants attending today's ceremony, wishing them success in safeguarding the national interest while cherishing, preserving, and promoting their national culture.

He stated that today's ceremony not only honoured the efforts and dedication of the participating artists but also encouraged them to continue preserving and promoting Myanmar's traditional cultural heritage. He added that the Performing Arts Competitions, covering singing, dancing, literary composition and instrumental music, had been held annually at the national level with the aim of further fostering a sense of national spirit among younger generations and deepening

SEE PAGE - 23



President U Min Aung Hlaing gives prize to an ethnic winner in the 27th Performing Arts Competition.

President U Min Aung Hlaing attends certificate of honour presentation ceremony and dinner for 27th Myanmar Traditional Cultural Performing Arts Competition



President U Min Aung Hlaing presents a certificate of honour to a master of ceremonies.



President U Min Aung Hlaing presents a certificate of honour to U Phoe Chit.

NAY PYI TAW October 29

The ceremony to present certificates of honour and host a dinner in honour of the 27th Myanmar Traditional Cultural Performing Arts Competition was held this evening at Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw, attended and graced by U Min Aung Hlaing, President of the Republic of the Union of Myanmar.

The ceremony was attended by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye; Speaker of the Pyithu Hluttaw U Khin Yi and his wife; Speaker of the Amyotha Hluttaw U Aung Lin Dway; Commander-in-Chief of Defence Services General Ye Win Oo and his wife; Union-level dignitaries; Union ministers and their wives; senior military officers from the Office of the Commander-in-Chief and their wives; the Chairman of the Nay Pyi Taw Council; the Commander of the Nay Pyi Taw Command; deputy ministers; members of the Leading Organizing Committee, the Working Committee, and subcommittees; ministers from regions and states; veteran adjudicators and experts; supervisors, trainers, and support personnel; ethnic contestants from various regions and states; and responsible officials.

Delivering an address of honour, the President stated that as the prestigious Myanmar Traditional Cultural Performing Arts Competition—which embodies the national objective of preserving and uplifting traditional culture—has successfully concluded today, he believes all participating veteran artists and members of the panel of judges are sharing in the joy and pride alongside the Government.

He observed that the successfully concluded 27th Myanmar Traditional Cultural Performing Arts Competition achieved greater success than expected, owing to the leadership of the Government, the supervision of veteran seasoned artists, and the enthusiastic efforts and active participation of the new generation of young artists. Looking at the award results, it is gratifying to see that a total of 531 awards were presented—an increased figure comprising 195 gold medals, 167 silver medals, 165 bronze medals, 2 consolation prizes, and 2 special prizes.

The President expressed that the State organizes these singing, dancing, composing, and music competitions annually, imbuing them year after year with greater form, substance, and full national significance. He solemnly conveyed the State's deep gratitude and honour to all experts and maestros for their specialized technical contributions toward fulfilling the competition's objectives.

He highlighted that the Government is currently striving to build a modern, developed nation so that the Republic of the Union of Myanmar can stand tall and dignified in the international arena. In doing so, systematic efforts are being made to preserve and promote traditional heritage, social ethics, values, and national characteristics to prevent them from fading away, with the annual Performing Arts Competitions being part of these efforts.

In the 21st century, the convergence of communications and technology has facilitated effective internet usage, while political, economic, and cultural influences cross borders without boundaries. Under such circumstances, artists and all responsible officials must work hand-in-hand to ensure that the new generation's love for their traditional culture and their patriotic spirit remain strong and vibrant.

He noted that **because some youths might neglect traditional cultural values while following modern trends, this situation must not be taken lightly**. Drawing on the success of the Myanmar Traditional Cultural Performing Arts Competition, he urged senior artists to continue employing their artistic talents so that traditional cultural heritage will flourish even further.

The positive outcomes emerging from the Myanmar Traditional Cultural Performing Arts Competitions through the efforts of veteran artists represent exceptionally noble traditions for the nation's future. It is also heartening that many outstanding and talented young artists of the new generation are emerging thanks to these competitions. This signifies the rise of worthy inheritors—virtuous sons and daughters—capable of carrying forward the artistic heritage handed down by veteran masters.

He remarked that it is truly gratifying to witness how the Myanmar Traditional Cultural Performing Arts Competitions yield immense benefits not only for the supervising veteran artists, competing artists, new-generation performers, and successive generations of artists, but also for the country and the nation as a whole.

To ensure that these competitions become increasingly successful year after year and that their positive fruits flourish broadly and deeply, he earnestly requested and urged veteran artists to pass down their artistic legacy with parental affection toward the younger generation of artists.

The President reiterated his gratitude and appreciation to the veteran masters, adjudicators, and all contributors who helped make the 27th Myanmar Traditional Cultural Performing Arts Competition a resounding success. He concluded with heartfelt wishes for the respected veteran masters to enjoy physical and mental well-being, live beyond a hundred years of age, continue utilizing their artistic talents to keep the traditional Myanmar arts they have cherished and preserved throughout their lives alive without diminishing old traditions, and ensure that Myanmar's traditional cultural heritage continues to thrive for future generations with a continuous emergence of new artists.

Following this, the President presented certificates of honour to Daw Shwe Ku Nan Nwet Nwet (Alinkar Kyaw Swa), Chairperson representing the Vocal Adjudication Working Group; U Aung Tin Win (Alinkar Kyaw Swa), Chairman representing the Dance Adjudication Working Group; Dr. Maung Maung Latt (Alinkar Kyaw Swa), Chairman

SEE PAGE - 24 ▶▶



A Union-level dignitary presents prize to a winner.



A Union-level dignitary presents prize to a winner.



A Union-level dignitary presents prize to a winner.

FROM PAGE - 21

their appreciation and pride in their cultural heritage, and that the competitions had now been successfully held for the 27th time.

The President recounted that although some competition categories could not be held at the 26th competition last year due to the major Mandalay earthquake, a total of 1,739 artistes participated and 313 awards were presented. This year, amateur-level competitions, as well as group competitions in theatrical drama and traditional Myanmar marionette theatre, were reinstated, bringing the total number of participating artists to 2,346. This demonstrated growing interest in and participation in Myanmar's traditional arts among enthusiasts, particularly younger generations.

He expressed his appreciation for the efforts and dedication of all participating artistes, the commitment of the senior artists serving as members of the judging panels, and the cooperation of officials from the various regions and states. He also extended his gratitude to all audience members who loved and supported the arts.

He also wished to express his congratulations and appreciation for the fact that more young artists had won awards this year. He emphasized that winning an award was not only a well-deserved recognition of their efforts and dedication but also an important responsibility to continue studying and practising their respective art forms to further improve their skills and pass on their artistic knowledge to future generations.

He stated that, just as natural resources, modern technology and human resources were essential for a country's development, it was equally necessary to strengthen the foundations of national culture that foster patriotism, national spirit, and a strong sense of national identity and pride among its citizens.

Myanmar's traditional culture encompasses not only clothing, language, customs and traditions, and social ethics, but also valuable artistic heritage passed down through successive generations, including classical Myanmar song and music, old songs, Myanmar traditional dance, traditional musical instruments, theatrical performaning dances and Myanmar traditional marionette theatre. It was also noted that people could learn about cause and effect, good and evil, and moral principles through Jataka drama and marionette performances in particular.

The President stated that these competitions were not merely artistic contests but also events that fostered friendship and cordial relations among national brethren, showcased and preserved traditional cultural customs and practices, and connected younger generations of artists. In other words, he said that they served as a platform for uniting national brethren through culture, friendship and mutual understanding.



A Union-level dignitary presents prize to a winner.



A Union-level dignitary presents prize to a winner.

The President stated that, amid today's global political landscape, every country was striving to protect and advance its own national interests. It was also stated that, in order to advance the national interests of Myanmar, patriotism, national spirit, and love, respect and appreciation for the country's traditional culture needed to be fostered and strengthened among younger generations. Furthermore, it was noted that promoting these values through the power of art would further strengthen their desire to protect and safeguard the interests of their country and people.

He said that younger generations needed to learn about, understand, cherish and preserve Myanmar's historical traditions, traditional culture and social values. It was also emphasized that experienced senior artists should pass on their knowledge and experience to younger generations. As singing, dancing, song composition and instrumental music are disciplines based on practical training and the traditional mentor-protégé relationship, it was noted that the long-term preservation and development of traditional arts could be ensured only through a combination of instruction and guidance from experienced masters and the dedicated efforts of young learners.

At the same time, valuable artistic works in Maha Gita (Myanmar classical music), traditional musical instruments, Myanmar traditional dance, theatrical dances and marionette theatre should be systematically documented and preserved using modern digital technology so that younger generations can study and learn from them.

The President urged everyone to respect one another's ethnic traditions and cultures, work to further strengthen the unity and solidarity of the Union, make effective use of modern technologies, and join hands in efforts to ensure the long-term preservation and development of Myanmar's traditional arts.

Following this, the President presented honorary medals and certificates of recognition to ethnic traditional and rural traditional cultural troupes from Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region, Bago Region, Magway Region, Mandalay Region, Mon State, Rakhine State, Yangon Region, Shan State and Ayeyawady Region.

The Kachin ethnic traditional dance troupe presented "Sutngaimon" dance of Kachin State, whose name means "a state rich in natural resources".

Vice President U Nyo Saw presented special prize, first, second and third prizes to the troupes in the Kachin ethnic dance contest. Vice President Daw Nan Ni Ni Aye, who is a patron of the Leading Committee for Organizing the Competition, gave first, second and third

SEE PAGE - 24

FROM PAGE - 23

prizes to the relevant troupes in the free-verse poem contest.

Pyithu Hluttaw Speaker U Khin Yi presented honorary medals and certificates of recognition to first, second and third winners in the amateur level (first class) (men's and women's) classic song contest; Amyotha Hluttaw Speaker U Aung Lin Dway gave honorary medals and certificates of recognition to first, second and third winners in the amateur level (second class) (men's and women's) classic song contest; and Commander-in-Chief of Defence Services General Ye Win Oo presented honorary medals and certificates of recognition to first, second and third winners in the amateur level (first class) (men's and women's) classic singing (old/modern) contest.

Union-level officials, Union ministers, members of the Leading Committee and Work Committee for Organizing the Competition, and senior military officers from the Office of the Commander-in-Chief also presented honorary medals and certificates of recognition to first, second and third winners in relevant contests.

The first-prize winning troupes from regions and states in relevant contests performed their excellent songs and dances.

After the awarding ceremony, the President cordially greeted those who were present at the ceremony.

At the 27th Myanmar Traditional Cultural Performing Arts Competition, the awards won by the respective regions and states were as follows: Yangon Region won 151 awards, Mandalay Region 107, Sagaing Region 49, Magway Region 30, Bago Region 40, Mon State 34, Taninthayi Region 23, Ayeyawady Region 29, Kayin State 20, Kayah State 14, Chin State 11, Kachin State nine, Shan State six and Rakhine State eight.

Myawady

▶▶ FROM PAGE - 22

representing the Composition Adjudication Working Group; U Saw Win, Chairman representing the Music Adjudication Working Group; a manager from Shan State representing managers from regions and states; a master of ceremonies representing the event emcees; and U Phoe Chit, Chairman of the Myanmar Thabin Association (Central).

Afterward, Adjudicator Myinmu Maung Naing Moe (Alinkar Kyaw Swa) delivered words of thanks on behalf of the panel of judges.

Subsequently, the President shared the dinner of honour together with the attendees and contestants.

Before and during dinner, artists from the Fine Arts Department under the Ministry of Culture, Hotels and Tourism, award winners of the 27th Myanmar Traditional Cultural Performing Arts Competition, ethnic traditional dance troupes, rural traditional dance troupes, and veteran masters performed melodious songs and dances.

During the performances, veteran vocalist Sithu Daw Htar performed alongside Ma Tain Pan Chi Moe San, a contestant in the basic education level (ages 15–20) singing competition (Classic / Contemporary), and veteran vocalist Tekkatho Le Le performed alongside Ma Shan Yoon Phyu, the first prize winner in the basic education level (ages 15–20) singing competition (Classic / Contemporary), passing on their artistic heritage to the new generation through song.

Following that, as part of the "Passing the Legacy" programme, 68-year-old theatrical master U Chan Thar and 62-year-old theatrical master Daw Nan Khin Hmway performed in a tribute performance alongside inheritors of the next generation: theatrical artists, multiple-gold medalist Tekkatho Arr Man and Win Thapyay Tun (Culture), Maung Min Kyel Nyan Chan from Kayin State (first prize winner in the basic education level dance competition, ages 15–20), and Ma Chaw Su Htwe from Shan State (first prize winner in the basic education level dance competition, ages 15–20).

Following the honorary dinner, the President warmly greeted the attendees.

Myawady

Demolition of another 5-storey illegal building used in online scam/gambling in Shwe Kokko (Part-II) completes as remaining ones underway for destruction

NAY PYI TAW October 29

In cooperation with neighbouring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socio-economic arena and national security, and illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, were systematically demolished so that they cannot be used again for such crimes.


In doing so, the demolition of a 6-storey building and a 5-storey building used in online scams and gambling and being demolished with the use of machinery completed 30 percent and 100 percent respectively today.




Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II)



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II)



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II)



Systematic demolition of a 6-storey illegal building used in online scams and gambling in Shwe Kokko (Part-II)

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were scheduled, based on their types, to be demolished with the use of machinery, four to be detonated and 34 to be manually brought down floor by floor due to their proximity to residential buildings. The demolition of four buildings to be detonated and four buildings to be brought down with the use of machinery have completed and plans are underway to systematically levelled down the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility.

100

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

လေယာဉ်မှူး လေးပုံသုံးပုံခန့် လေယာဉ်ပျံသန်းစဉ် အိပ်ငိုက်မှုကြုံတွေ့ရ

စင်ကာပူ၊ လေကြောင်း

ဥရောပ ၃၂ နိုင်ငံမှ လေယာဉ်မှူး ၇၂၀၀ ခန့်ကို စစ်တမ်းကောက်ယူရာ ၇၆ ဒသမ ၈ ရာခိုင်နှုန်းသည် လေယာဉ်မောင်းနှင်နေစဉ်အိပ်ငိုက်ပြီး ခဏတာအိပ်ပျော်သွားခြင်း သို့မဟုတ် အိပ်ငိုက်မှုကိုပြင်းထန်စွာ ထိန်းချုပ်ရခြင်း ကြုံတွေ့ရကြောင်း သိရသည်။

စစ်တမ်းတွင်ပါဝင်သူ ၃၈ ဒသမ ၈ ရာခိုင်နှုန်းက ပင်ပန်းနွမ်းနယ်မှု စုပုံမလာစေရန် လုံလောက်သော အနားယူချိန်မရရှိကြောင်း ဖြေဆိုထားသည်။ ထို့ပြင် ပျံသန်းရန်မသင့်လောက်အောင် ပင်ပန်းနေသော်လည်း ၂၄ ဒသမ ၂ ရာခိုင်နှုန်းက သက်ဆိုင်ရာသို့အသိမပေးဘဲတာဝန်ဆက်လက်ထမ်းဆောင်နေခြင်း ဖြစ်ကြောင်း ဥရောပလေယာဉ်မှူးများအသင်းက ထုတ်ပြန်ထားသည်။

Ref: ST

မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်းဒုံးကျည် ၁၂ စင်းခန့် ပစ်လွှတ်

ဝါရှင်တန်၊ နိုင်ငံရေး

မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာလ ၂၉ ရက်မွန်းလွဲပိုင်းတွင် အရှေ့ပင်လယ်ဘက်သို့ တာတိုပစ်ပဲ့ထိန်းဒုံးကျည် ၁၂ စင်းခန့်ပစ်လွှတ်ကြောင်း တောင်ကိုရီးယားစစ်ဘက်ကပြောသည်။

ယင်းဖြစ်ရပ်သည် နယ်စပ်တင်းမာမှုများ လျှော့ချနိုင်ရေးအတွက် စစ်ဘက်ဆွေးနွေးပွဲများ ပြုလုပ်ရန် တောင်ကိုရီးယား၏ ကမ်းလှမ်းချက်အပေါ် မြောက်ကိုရီးယားက စစ်ရေးလှုပ်ရှားမှုဖြင့် တုံ့ပြန်လိုက်ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်မှုများထွက်ပေါ်လာသည်။

မြောက်ကိုရီးယားသည် ဒုံးကျည်များကို နိုင်ငံ၏အရှေ့ဘက်ကမ်းရိုးတန်းရှိ ဝန်ဆန်ဒေသမှ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင်ပစ်လွှတ်ပြီး ဒုံးကျည်များမှာ ကီလိုမီတာ ၂၅၀ ခန့်ပျံသန်းသွားကြောင်း တောင်ကိုရီးယားနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ ဒုံးကျည်အမျိုးအစားနှင့် အခြားနည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို တောင်ကိုရီးယားနှင့် အမေရိကန်တို့က ပူးပေါင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref: Yonhap



အယိုရှကီမြို့သို့ အကူအညီများပေးနိုင်ရေးအတွက် ရုရှားတပ်မတော်က မိုင်းရှင်းလင်းရေးလုပ်ငန်းစတင်

မော်စကို၊ လုံခြုံရေး

ယူကရိန်းပဋိပက္ခကြောင့်လူသားချင်းစာနာမှု အကျပ်အတည်းရင်ဆိုင်နေရသည့် အယိုရှကီမြို့သို့ အကူအညီများ ပို့ဆောင်နိုင်စေရန် ရုရှားတပ်မတော်က မြို့ကိုဝင်သည့် လမ်းကြောင်းများပေါ်ရှိ မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများကို အရှိန်မြှင့်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

မိုင်းရှင်းလင်းရေးစက်ရုပ်နှင့် ကျွမ်းကျင်သူများက ခါဆွန်ဒေသရှိ အဆိုပါမြို့သို့ ဝင်ရောက်နိုင်ရေး လမ်းကြောင်းများကို ရှင်းလင်းနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၉ ရက်တွင်ထုတ်ပြန်သည့် မှတ်တမ်း၌ တွေ့ရသည်။ ရှင်းလင်းတွေ့ရှိသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများမှာ နိုင်ငံခြားထုတ်များဖြစ်ကြောင်း ရုရှားဘက်ကပြောသည်။

ထိုလူသားချင်းစာနာမှုလုပ်ငန်းကို အမေရိကန်သမ္မတ၏ဇနီးမယ်လေနီယာထရမ့်၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရဆောင်ရွက်ရန်စီစဉ်ထားသည်။ သဘောတူညီချက်၏ရည်ရွယ်ချက်မှာ လူသားချင်းစာနာမှုအကူအညီများကို ပို့ဆောင်နိုင်ရေးနှင့် အရပ်သားများကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးနိုင်ရေးဖြစ်သည်။

အမေရိကန်မှ သတင်းထောက်လေဦးသည်လည်းလူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းစဉ်ကို လေ့လာစောင့်ကြည့်နိုင်ရန် အယိုရှကီမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း မယ်လေနီယာထရမ့်ကပြောသည်။ ထိုသတင်းထောက်များသည် ရုရှားနှင့် ယူကရိန်းဘက်မှ လူသားချင်းစာနာမှုဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းစဉ်ကိုမှတ်တမ်းတင်သွားမည်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံကလည်း အကူအညီပေးရေးလုပ်ငန်းတွင်ထိုအပ်သောထောက်ပံ့ပို့ဆောင်ရေးအကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

Ref: RT

ပလူတိုဂြိုဟ်နောက်ပိုင်းတွင် ဂြိုဟ်ကဲ့သို့အရာဝတ္ထုကို ရှာဖွေတွေ့ရှိ

ဆန်တီယာဂို၊ အာကာသ

ချီလီနိုင်ငံရှိ ဗီရာစီရူဘာဂ်နက္ခတ်တာရာလေ့လာရေးစခန်းမှ ပညာရှင်များသည် ပလူတိုဂြိုဟ်နောက်ပိုင်းရှိ နေမှပိုမိုဝေးကွာသောနေရာတွင် ရေခဲဖုံးလွှမ်းသည့် ဂြိုဟ်ကဲ့သို့သောအရာဝတ္ထုတစ်ခုကို ရှာဖွေတွေ့ရှိကြောင်း အောက်တိုဘာလ ၂၉ ရက်တွင်ထုတ်ပြန်ကြေညာထားသည်။ 2026 ED138 ဟု ယာယီအမည်ပေးထားသည့် ထိုအရာက ဂြိုဟ်အသေးအဖြစ် သတ်မှတ်ခံရနိုင်သည့် အလားအလာရှိသည်။

နက္ခတ္တဗေဒပညာရှင်များ၏ ခန့်မှန်းချက်အရ ၎င်း၏အချင်းမှာ ကီလိုမီတာ ၆၀၀ မှ ၁၅၀၀ ကြားရှိပြီး ၎င်းနှင့်နေကြားအကွာအဝေးသည် ကမ္ဘာမှနေသို့ အကွာအဝေးထက် ၄၆ ဆခန့်ရှိသည်။ ပလူတိုနှင့်နေကြားအကွာအဝေးမှာမူ ကမ္ဘာမှနေကြားအကွာအဝေးထက် အဆ ၄၀ ခန့်ရှိသည်။

အဆိုပါလေ့လာရေးစခန်းတွင် ၃ ဒသမ ၂ ဂစ်ဂါပစ်ဇဲရှိရုပ်ပုံဖမ်းယူနိုင်သော ကင်မရာကိုအသုံးပြုထားသည်။ ထိုအရာဝတ္ထုသည်နဂါးငွေ့တန်းဂလက်ဆီမှ ကြယ်များထူထပ်သည့် နေရာတွင်ရှိနေသောကြောင့် ယခင်က မတွေ့ရသော်လည်း ထပ်ခါတလဲလဲ ရိုက်ကူးထားသည့်ပုံများ၊ ကွန်ပျူတာစနစ်များက ၎င်း၏ရွေ့လျားမှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂြိုဟ်အသေးအဖြစ် သတ်မှတ်ရန်မှာ မိမိ၏ဆွဲငင်အားကြောင့် လုံးဝန်းသည့်ပုံသဏ္ဌာန် ရရှိထားရမည်ဖြစ်ပြီး နေကိုလှည့်ပတ်သော်လည်း ၎င်းပတ်လမ်းအနီးရှိ အခြားအရာဝတ္ထုများကို ၎င်းလင်းဖယ်ရှားနိုင်ခြင်းမရှိရကြောင်း သိရသည်။

Ref: RT




တရုတ်၏ စတုတ္ထမြောက်လေယာဉ်တင်သင်္ဘောကို ၂၀၂၇ ခုနှစ်တွင် ရေချနိုင်ဖွယ်ရှိဟုဆို

ဝါရှင်တန်၊ စစ်လက်နက်

တရုတ်နိုင်ငံ၏ စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို ၂၀၂၇ ခုနှစ်အတွင်း ရေချဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံအခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးစင်တာ (CSIS) ၏ ဂြိုဟ်တုဓာတ်ပုံဆန်းစစ်ချက်များအပေါ်အခြေခံ၍ လေ့လာသူများကခန့်မှန်းသည်။

Type 004 ဟု လူသိများသည့် လေယာဉ်တင်သင်္ဘောကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ် ဒါလျန်သင်္ဘောကျင်းတွင် တည်ဆောက်နေခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်း ရိုက်ကူးထားသည့် ဂြိုဟ်တုဓာတ်ပုံများအရ သင်္ဘော၏ တည်ဆောက်မှုအဆင့်သည် တရုတ်၏တတိယမြောက် လေယာဉ်တင်သင်္ဘော ဖူကျန့်ကို ၂၀၂၁ ခုနှစ်တွင် တည်ဆောက်နေသည့်အဆင့်နှင့် ဆင်တူနေကြောင်း CSISက ဖော်ပြထားသည်။ ဖူကျန့်ကို ထိုအချိန်မှတစ်နှစ်ခန့်အကြာ ၂၀၂၂ ခုနှစ် ဇွန်လတွင် ရေချနိုင်ခဲ့ခြင်းဖြစ်သည်။ Type 004 သည် တရုတ်၏ ပထမဆုံး နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောဖြစ်လာနိုင်ကြောင်းလည်း လေ့လာသူများကခန့်မှန်းထားသည်။ Janes ၏ ဂြိုဟ်တုဓာတ်ပုံဆန်းစစ်ချက်အရ သင်္ဘော၏အလျားမှာ ၃၃၆ မီတာမှ ၃၃၉ မီတာအထိရှိလာနိုင်ပြီး အမေရိကန်၏ Gerald R. Ford အတန်းအစား လေယာဉ်တင်သင်္ဘောနှင့် အရွယ်အစားတူညီနိုင်ဖွယ်ရှိသည်။



၂၀၂၇ ခုနှစ်တွင် ရေချနိုင်မည်ဟူသော ခန့်မှန်းချက်သည် တည်ဆောက်မှုအခြေအနေတိုးတက်မှုအပေါ် အခြေခံထားခြင်းဖြစ်ပြီး သင်္ဘောအရွယ်အစားနှင့်မောင်းနှင်မှုစနစ်၏ရှုပ်ထွေးမှုတို့ကြောင့် အချိန်ဇယားပြောင်းလဲနိုင်ကြောင်းလေ့လာသူများက သတိပေးထားသည်။ ရေချပြီးနောက်တွင်လည်း တပ်ဆင်မှုများနှင့် ပင်လယ်ပြင်စမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သဖြင့် စစ်ရေယာဉ်အဖြစ် စတင်အသုံးပြုနိုင်ရန် နှစ်အတော်ကြာလိုအပ်နိုင်ကြောင်း သိရသည်။

Ref: Xinhua

ဖူးခက်တွင်ရေကြီးမှုကြောင့် အနီရောင်အဆင့်သတိပေးချက် ထုတ်ပြန်

ဖူးခက်၊ သဘာဝဘေး

ထိုင်းနိုင်ငံ ဖူးခက်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် အထက်ပိုင်းဒေသများမှ ရေစီးဝင်လာမှုကြောင့် ဘန်ယိုင်တူးမြောင်းတစ်လျှောက် ရေမြင့်တက်လာသဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာလ ၂၉ ရက်နံနက်ပိုင်းတွင် အနီရောင်အဆင့် ရေကြီးမှုသတိပေးချက်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

တူးမြောင်းအနီးတွင် နေထိုင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လျှပ်စစ်ပစ္စည်းများ၊ တန်ဖိုးကြီးပစ္စည်းများနှင့် အခြားပိုင်ဆိုင်မှုများကို ရေဘေးလွတ်ရာနေရာသို့ ချက်ချင်းရွှေ့ပြောင်းရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

မိုးဆက်လက်ရွာသွန်းနေပါက တူးမြောင်းရေလျှံလာပြီး နေအိမ်များအတွင်းသို့ ရေများဝင်ရောက်နိုင်ကြောင်း သတိပေးထားသည်။ ကာရွန်ဒေသတွင် လမ်းတစ်လမ်းကို ယာယီပိတ်ကာ ချလောင်းဒေသ၌ လမ်းသွားလမ်းလာများအနေဖြင့် သတိထားသွားလာကြရန်လည်း တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

Ref: ST

အီရန်စစ်ပွဲကို အဆုံးသတ်နိုင်မည့်သော့ချက်က ပင်လယ်ကွေ့နိုင်ငံများ၏ လက်ထဲတွင်ရှိနေသလား

ထက်မြတ်

အီရန်စစ်ပွဲသည် ပါဝင်ပတ်သက်နေသူများအားလုံးအတွက် မဟာဗျူဟာမြောက်ကျုံးမှုတစ်ရပ်ဖြစ်လာသည်။ အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်ရေတပ်ကို နှစ်မြှုပ်ဖျက်ဆီးနိုင်ခြင်းကဲ့သို့သော စစ်ရေးရည်မှန်းချက်အချို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ကြောင်း ပြသထားသည်။ သို့သော် ရှစ်လကြာ တိုက်ခိုက်မှုများနှင့် ဖိအားပေးမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင်လည်း အဓိကရည်မှန်းချက်များကို အင်အားသုံး၍ အကောင်အထည်ဖော်နိုင်ခြင်း မရှိကြောင်း ထင်ရှားလာသည်။ ယင်းရည်မှန်းချက်များတွင် အီရန်အစိုးရအပြောင်းအလဲဖြစ်ပေါ်စေရေး၊ အီရန်၏ ချုပ်ကလီးယားအစီအစဉ်ကို ဖျက်ဆီးရေးနှင့် စစ်ပွဲမစတင်မီက ပိတ်ထားခြင်းမရှိခဲ့သည့် ဟော်မုဇရေလက်ကြားကိုပင် ပြန်လည်ဖွင့်လှစ်ရေးတို့ ပါဝင်သည်။

အခြားတစ်ဖက်တွင် အီရန်နိုင်ငံသည် ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ကြောင်း ပြသခဲ့သည်။ သို့သော် အမေရိကန်၏ စီးပွားရေးအရ အသက်ရှူကျပ်စေသည့် ပိတ်ဆို့မှုကို ဖြိုဖျက်နိုင်ခြင်းမရှိသေးပေ။ ထို့ပြင် အီရန်အပေါ် စစ်ပွဲဆင်နွှဲနိုင်သည့် ခြိမ်းခြောက်မှုများက အဆုံးမရှိဆက်လက်ကျရောက်နေခြင်းကို ရပ်တန့်စေရန်ဟူသော ရည်မှန်းချက်ကို ယခုအချိန်အထိ အောင်မြင်အောင် မဆောင်ရွက်နိုင်သေးကြောင်း တွေ့ရသည်။

သီအိုရီအရကြည့်မည်ဆိုပါမူ စစ်ပွဲသည် နှစ်ဖက်စလုံး နာကျင်ထိခိုက်နစ်နာနေသည့် အဆုံးအဖြတ်မရသော အခြေအနေရောက်ရှိလာခြင်းက သံတမန်ရေးအရ ဖြေရှင်းနိုင်မည့်အခွင့်အလမ်းကို ဖွင့်ပေးသင့်ပေသည်။ သို့သော် နှစ်ဖက်စလုံးသည် သဘောတူညီချက်တစ်ရပ်ရရှိရန် လိုအပ်သည့် အလျှော့ပေးမှုများကိုပင် ပြုလုပ်နိုင်စွမ်းမရှိကြောင်း ပြသခဲ့ကြသည်။

ယင်းအစား နှစ်ဖက်စလုံးသည် အနိုင်ရနိုင်သေးသည်ဟူသော မှားယွင်းသည့် မျှော်လင့်ချက်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး မိမိတို့၏ရန်ဘက်များကို ဆက်လက်နာကျင်ထိခိုက်စေခြင်းဖြင့် ကိုယ့်ရပ်တည်ချက်ကို အကြောင်းပြနိုင်သည့် အပြန်အလှန်ဖျက်ဆီးရာရောက်နေသော လက်ရှိအခြေအနေကိုသာ ပိုမိုနှစ်သက်နေကြပုံရသည်။ ထို့ကြောင့် သဘောတူညီမှုတစ်ရပ်ဆီသို့ ရွေ့လျားသွားရမည့်အစား နှစ်ဖက်စလုံးက နောက်ထပ်တိုက်ခိုက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်နေကြခြင်းဖြစ်သည်။

သို့သော် အီရန်နှင့် အမေရိကန်တို့က ယခုပဋိပက္ခမှ မျက်နှာမပျက်ဘဲ ထွက်ခွာနိုင်မည့် နည်းလမ်းတစ်ခု ရှိနေပြန်သည်။ ယင်းမှာ ပင်လယ်ကွေ့အာရပ်နိုင်ငံများက ကြားဝင်ညှိနှိုင်းပေးကာ စီမံခန့်ခွဲသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

ပင်လယ်ကွေ့နိုင်ငံများက အီရန်အား စီးပွားရေးအကူအညီများ ပေးအပ်ခြင်းဖြင့် အဆိုပါသဘောတူညီချက်ကို စတင်နိုင်သည်။ အပြန်အလှန်အားဖြင့် အီရန်က ဟော်မုဇရေလက်ကြားအတွင်း သင်္ဘောသွားလာမှုအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များကို ဖယ်ရှားပေးရမည်ဖြစ်သည်။ ထိုသို့ဖြစ်လာပါက အမေရိကန်အနေဖြင့်လည်း မိမိ၏ပိတ်ဆို့မှုကို ရုပ်သိမ်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ပင်လယ်ကွေ့နိုင်ငံများသည် အနာဂတ်တွင် အမေရိကန်က အီရန်ကို ထပ်မံတိုက်ခိုက်လာခြင်းမှ တားဆီးနိုင်ရန် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးမည်ဟု ကတိပြုပေးရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် အမေရိကန်နှင့် အီရန်တို့က တစ်ဖက်နှင့်တစ်ဖက် တိုက်ရိုက်အလျှော့ပေးရန် မလိုအပ်တော့သကဲ့သို့ နှစ်ဖက်စလုံး အတွက် အနာကျင်ဆုံးဖြစ်မည့် အလျှော့ပေးမှုများကိုလည်း ရှောင်ရှားသွားနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် အမေရိကန်က ၎င်း၏ အမြင့်ဆုံးဖိအားပေးရေးမူဝါဒကို ရုပ်သိမ်းလိုက်ရန်မလိုအပ်ပေ။ အီရန်ဘက်ကလည်း ၎င်း၏ ချုပ်ကလီးယားအစီအစဉ်ကို ကန့်သတ်ရန် သဘောတူပေးစရာလိုတော့မည်မဟုတ်ပေ။ ယင်းနောက် ပိုမိုပြည့်စုံသော သဘောတူညီချက်တစ်ရပ် ရရှိနိုင်စေမည့် အခြေအနေ ပေါ်ပေါက်လာနိုင်သည်အထိ ပင်လယ်ကွေ့နိုင်ငံများသည် ကိုယ့်ဩဇာလွှမ်းမိုးနိုင်စွမ်းကိုအသုံးပြု၍ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ အပစ်အခတ်ရပ်စဲရေးကို အာမခံပေးရခြင်းသည် ပင်လယ်ကွေ့နိုင်ငံများအတွက် ကုန်ကျစရိတ်နှင့် အန္တရာယ်များစွာရှိနေသော်လည်း ထိုနိုင်ငံများက ယင်းတာဝန်ကို လက်ခံနိုင်ရန် ခိုင်လုံသည့် အကြောင်းရင်းများရှိသည်။

ပင်လယ်ကွေ့နိုင်ငံများက အီရန်စစ်ပွဲဆင်နွှဲနေသည့် စစ်မြေပြင်၏အစိတ်အပိုင်းတစ်ခုဖြစ်နေသည်။ စစ်ပွဲအဆုံးမရှိဆက်လက်ဖြစ်ပွားနေလျှင်ထိုနိုင်ငံများက တည်ဆောက်ထားသည့် စီးပွားရေးနှင့်နိုင်ငံရေးစနစ်များကိုပင် ခြိမ်းခြောက်လာနိုင်သည်။ ပင်လယ်ကွေ့ဒေသ၏ စီးပွားရေးဟူသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုအပေါ် များစွာမှီခိုနေပြီး ၎င်းတို့၏စွမ်းအင်အရင်းအမြစ်များကို နိုင်ငံတကာသို့ ပို့ဆောင်ရာတွင် ဟော်မုဇရေလက်ကြားကို လုံးဝရှောင်လွှဲနိုင်မည့် နည်းလမ်းလည်းမရှိသည်မည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကို အာမခံပေးရခြင်းသည် ပင်လယ်ကွေ့နိုင်ငံများအတွက် ကုန်ကျစရိတ်နှင့် အန္တရာယ်များစွာရှိနေသော်လည်း ထိုနိုင်ငံများက ယင်းတာဝန်ကို လက်ခံနိုင်ရန် ခိုင်လုံသည့် အကြောင်းရင်းများရှိသည်။

ပင်လယ်ကွေ့နိုင်ငံများက အီရန်စစ်ပွဲဆင်နွှဲနေသည့် စစ်မြေပြင်၏အစိတ်အပိုင်းတစ်ခုဖြစ်နေသည်။ စစ်ပွဲအဆုံးမရှိဆက်လက်ဖြစ်ပွားနေလျှင်ထိုနိုင်ငံများက တည်ဆောက်ထားသည့် စီးပွားရေးနှင့်နိုင်ငံရေးစနစ်များကိုပင် ခြိမ်းခြောက်လာနိုင်သည်။ ပင်လယ်ကွေ့ဒေသ၏ စီးပွားရေးဟူသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုအပေါ် များစွာမှီခိုနေပြီး ၎င်းတို့၏စွမ်းအင်အရင်းအမြစ်များကို နိုင်ငံတကာသို့ ပို့ဆောင်ရာတွင် ဟော်မုဇရေလက်ကြားကို လုံးဝရှောင်လွှဲနိုင်မည့် နည်းလမ်းလည်းမရှိသည်သည်။ အီရန်အနေဖြင့် စီးပွားရေးပြန်လည်နာလန်ထူရေးကိုသာ ဦးစားပေးပြီး အမေရိကန်၏ အနာဂတ်လုပ်ဆောင်ချက်အပေါ် တိကျပြတ်သားသည့် အာမခံချက်များ တောင်းဆိုခြင်းကို စွန့်လွှတ်လိုက်ရမည်ဖြစ်သည်။ အမေရိကန်ကလည်း ပင်လယ်ကွေ့နိုင်ငံများက သဘောတူညီချက်တစ်ရပ် ရရှိနိုင်ရန် လိုအပ်သည့်လွတ်လပ်ခွင့်ကို ပေးအပ်ရမည်ဖြစ်သည်။

ယင်းကြိုးပမ်းမှု အောင်မြင်ခဲ့လျှင်ပင် ရရှိလာမည့် သဘောတူညီချက်သည် စစ်ပွဲဖြစ်ပွားစေခဲ့သည့် အရင်းခံပြဿနာများကို ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ။ သို့သော် လက်ရှိအချိန်တွင် အခြားရွေးချယ်စရာများ အလွန်နည်းပါးနေသောကြောင့် ယင်းနည်းလမ်းသည် အားလုံး၏နာကျင်ထိခိုက်မှုကို လျှော့ချနိုင်မည့် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ဖြစ်နိုင်ခြေအရ တစ်ခုတည်းသော နည်းလမ်းလည်း ဖြစ်လာနိုင်သည်။

သီအိုရီအရ အမေရိကန်နှင့် အီရန်တို့ကြား သဘောတူညီချက်တစ်ရပ်ရရှိရန်မှာ ရိုးရှင်းသင့်သည်။ အီရန်နှင့် အမေရိကန်တို့ကြား သဘောတူညီမှုရရှိဖူးသည့် သမိုင်းဝင်ပုံစံတစ်ခုရှိနေပြီး ယင်းကို လက်ရှိပဋိပက္ခတွင်လည်း တိုက်ရိုက်အသုံးချနိုင်သည်။ ထိုပုံစံမှာ အီရန်အနေဖြင့် သတ်မှတ်ထားသည့် လုပ်ဆောင်ချက်တစ်ခုကို ကန့်သတ်ခြင်း သို့မဟုတ် စွန့်လွှတ်ပေးခြင်းအတွက် ဝါရှင်တန်က ငွေကြေးနှင့် အသိအမှတ်ပြုမှုများပေးအပ်ခြင်းဖြစ်သည်။

ဥပမာအားဖြင့် ၁၉၈၁ ခုနှစ် အယ်ဂျီးယားသဘောတူညီချက်များအရ အီရန်သည် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်သံတမန်များကို ပြန်လွှတ်ပေးရန် သဘောတူခဲ့ဖူးသည်။ အပြန်အလှန်အားဖြင့် အမေရိကန်က အီရန်၏ ပိတ်ဆို့ခံထားရသော ငွေကြေးပိုင်ဆိုင်မှုများကို ပြန်လည်ရရှိစေရန် စီစဉ်ပေးခဲ့ပြီး အီရန်၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း ကတိပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ချုပ်ကလီးယားသဘောတူညီချက်တွင်လည်း အီရန်သည် ၎င်း၏ ချုပ်ကလီးယားအစီအစဉ်အပေါ် တင်းကျပ်သည့်ကန့်သတ်ချက်များကို လက်ခံခဲ့ပြီး အပြန်အလှန်အားဖြင့် ပိတ်ဆို့အရေးယူမှုများလျှော့ပေါ့ပေးခြင်းနှင့် ယူရေနီယံသန့်စင်ခွင့်ရှိကြောင်း သွယ်ဝိုက်အသိအမှတ်ပြုခြင်းတို့ကို ရရှိခဲ့သည်။

ယခုအချိန်တွင်လည်း အီရန်နိုင်ငံသည် အရေးပါသော ဟော်မုဇရေလက်ကြားမှ ရေကြောင်းသွားလာမှုအပေါ်အနှောင့်အယှက်ပေးခြင်းကို ရပ်တန့်နိုင်ပြီး နောက်ပိုင်းတွင် ၎င်း၏ ချုပ်ကလီးယားအစီအစဉ်အပေါ် အလျှော့ပေးမှုများ ပြုလုပ်လာနိုင်သည်။ အမေရိကန်ကလည်း ပိတ်ဆို့အရေးယူမှုများကို လျှော့ပေါ့ပေးခြင်း၊ ငွေကြေးပေးအပ်ခြင်းနှင့် ရေလက်ကြားဆိုင်ရာကိစ္စရပ်များတွင် အီရန်၏တရားဝင်အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းတို့အနက် အချို့ကို ပေါင်းစပ်ပေးအပ်နိုင်သည်။ သို့သော် လက်တွေ့တွင် ထိုသို့သောနားလည်မှုတစ်ရပ်ရရှိရန်မှာ အလွန်ခက်ခဲမည်ဖြစ်သည်။

Ref: FA

ဆက်လက်ဖော်ပြပါမည်။



ဆိုလာလေယာဉ်များက အမြင့်ပေ ၆၀၀၀၀ တွင် လများစွာပျံသန်းနိုင်


ဆိုလာစွမ်းအင်သုံးလေယာဉ်များအနေနဲ့ နေဝင်သွားချိန်မှာ ဆက်လက်ပျံသန်းနိုင်ရန် အခက်အခဲများရှိနေသော်လည်း စွမ်းဆောင်ရည်မြင့်မားလှတဲ့ ဘက်ထရီများကိုသာအသုံးပြုပါက ထိုလေယာဉ်များဟာ အမြင့်ပေ ၆၀၀၀၀ မှနေပြီး လများစွာကြာ ပျံသန်းနိုင်တယ်လို့ အမေရိကန်မှ သုတေသနပညာရှင်များက ပြောပါတယ်။

သာမန်အားဖြင့် ဘက်ထရီစွမ်းအား ကြီးမယ်ဆိုရင် ဘက်ထရီအလေးချိန်ကလည်းပိုပါတယ်။ ဒီအခြေအနေကြောင့် လေယာဉ်ရဲ့ပျံသန်းနိုင်စွမ်းအပေါ် သက်ရောက်မှုရှိနိုင်ပါတယ်။ ဒါကြောင့် ပညာရှင်များက အလေးချိန်တစ်ကီလိုဂရမ်မှာ ဘက်ထရီစွမ်းအင်သိပ်သည်းဆ ၅၀၀ ဝပ် နာရီရှိမယ်ဆိုရင် အဲဒီဆိုလာလေယာဉ်က လေထုအခြေအနေပေးရင်ပေးသလောက် ပျံသန်းနိုင်မှာဖြစ်တယ်လို့ သူတို့ရဲ့တွေ့ရှိချက်ထဲမှာ ဖော်ပြထားပါတယ်။

တကယ်လို့များ အဲဒီလေယာဉ်တွေက အမြင့်ပေ ၆၀၀၀၀ မှာ လပေါင်းများစွာ ပျံသန်းနိုင်တယ်ဆိုရင် ရာသီဥတုဆိုင်ရာ သုတေသန၊ မုန်တိုင်းခြေရာခံခြင်းနဲ့ တောရိုင်းစောင့်ကြည့်ရေးတို့ကို အမြဲမပြတ်လုပ်ဆောင်နိုင်စေမှာဖြစ်တယ်လို့ ပညာရှင်များက ပြောပါတယ်။

Ref: IE


ကိုထက်



ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နေပြည်တော် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာလ ၂၉ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉ဖဒသမ ၉၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၁၀ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိကျေးရွာများမှဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ၅ ထပ် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။











ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိအွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၃၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့က်မက်မောစွာ အသုံးပြုနေသော

သာကလေးစိမ်းစိုစိုရွက်ကြည်နုများဖြင့် ....

ရွှေဖီး

Black Tea

Tea Mix

Lemon Tea



ရွှေဖီး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆


STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ၊ ဆင်နှစ်ကောင် ၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား









စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၂၊ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၃၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၂၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ



ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com



FDA- စ၅/ ၂၁၃၄၉/ ထလ

canesugarokt7 @gmail.com





ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါရှို့။



မှတ်စုတို

“မသန်သော်လည်းစွမ်းခဲ့သည်” မြန်မာ့ဂုဏ်ကို အာရှအားကစားစင်မြင့်ထက်တွင် မြှင့်တင်ခဲ့သူ မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်

ဦးအောင်သူ(အား/ကာ)



၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံ နာဂိုယာမြို့၌ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားအဖွဲ့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်သည် ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများကို ရယူနိုင်ခဲ့သည်။ ၎င်းသည် ရေကူးအားကစားနည်း S3/S4 အဆင့် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲနှင့် မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတို့တွင် ကြေးတံဆိပ်ဆု သုံးခု၊ မီတာ ၁၅၀ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆု တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ထို့ပြင် ညီညီလင်းထက်သည် အရှေ့တောင်အာရှ မသန်စွမ်း ရေကူးပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုသုံးခုအထိ ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲ စင်မြင့်မှသည် အာရှအဆင့် အားကစားပြိုင်ပွဲကြီးအထိ ဝင်ရောက်ယှဉ်ပြိုင်ကာ ထူးချွန်သည့်ရလဒ်များရယူနိုင်ခဲ့ခြင်းသည် ၎င်း၏အားကစားစွမ်းရည်၊ လေ့ကျင့်ရေးအပေါ် အလေးထားမှုနှင့် အောင်မြင်မှုရရှိရန် မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုတို့ကို ဖော်ပြနေသည်။ အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုနှင့် အာရှအဆင့်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်ထုံးခုတို့သည် ၎င်း၏အားကစားခရီးလမ်းတွင် သမိုင်းမှတ်တိုင်များအဖြစ်သာမက မြန်မာ့မသန်စွမ်းအားကစားလောကအတွက်လည်း ဂုဏ်ယူဖွယ်ရာ အောင်မြင်မှုများဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲတစ်ခုတွင် အောင်မြင်မှုရရှိရန်ဆိုသည်မှာ ပြိုင်ပွဲကျင်းပသည့်နေ့တွင် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရုံမျှဖြင့် မလုံလောက်ပေ။ ပြိုင်ပွဲမတိုင်မီကတည်းက အချိန်မှန်မှန်လေ့ကျင့်ခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်အောင်ကြိုးစားခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုကို ထိန်းသိမ်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်မှုကို တည်ဆောက်ခြင်းနှင့် မိမိ၏အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းခြင်းတို့ လိုအပ်လှပေသည်။ မသန်စွမ်းအားကစားသမားတစ်ဦးအတွက်မူ မိမိ၏အခြေအနေနှင့် ကိုက်ညီသော လေ့ကျင့်ရေးနည်းလမ်းများကို ရှာဖွေကျင့်သုံးရင်း ပြိုင်ဘက်များနှင့် တန်းတူယှဉ်ပြိုင်နိုင်ရန် ပိုမိုကြိုးစားအားထုတ်ရလေ့ရှိသည်။

ညီညီလင်းထက်၏ အောင်မြင်မှုနောက်ကွယ်တွင်လည်း လေ့ကျင့်မှု၊ ဇွဲလုံ့လနှင့် မိမိကိုယ်ကိုယုံကြည်မှုတို့ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပြီး ရေကူးအားကစားသည် ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် အသက်ရှူစည်းချက်ကို ထိန်းညှိရသည့်အပြင် အချိန်နှင့်အမျှ မိမိ၏စွမ်းရည်ကို မြှင့်တင်နိုင်ရန် စနစ်တကျလေ့ကျင့်ရသော အားကစားနည်းတစ်မျိုးဖြစ်သည်။ ထိုကဲ့သို့သော အားကစားနယ်ပယ်တွင် အာရှအဆင့် ဆုတံဆိပ်များရယူနိုင်ခြင်းသည် ညီညီလင်းထက်၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုထိုက်သည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဂုဏ်ပြုလိုသည်။

အားကစားသည် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက်သာ အရေးပါသည်မဟုတ်ပေ။ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာမှု၊ အချင်းချင်းလေးစားမှု၊ မိမိကိုယ်ကိုယုံကြည်မှုနှင့် မိမိ၏စွမ်းရည်ကို အကောင်းဆုံးအသုံးချတတ်မှုတို့ကိုလည်း ပျိုးထောင်ပေးနိုင်သည်။ မသန်စွမ်းအားကစားသည် ယင်းတန်ဖိုးများကို ဝိုမိုထင်ရှားစွာဖော်ပြနေသည့် အားကစားနယ်ပယ်တစ်ခုဖြစ်သည်။ အနိုင်ရရှိခြင်းနှင့် ဆုတံဆိပ်ရရှိခြင်းတို့အပြင် မိမိ၏အခက်အခဲကိုရင်ဆိုင်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ မိမိ၏စွမ်းရည်ကို အမြင့်ဆုံးအဆင့်အထိ ဖော်ထုတ်ပြသနိုင်ခြင်းတို့သည်လည်း တန်ဖိုးကြီးမားသည့် အောင်မြင်မှုများပင် ဖြစ်သည်။

ညီညီလင်းထက်၏အောင်မြင်မှုသည် မသန်စွမ်းအားကစားသမားများအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် သင့်လျော်သော ပံ့ပိုးကူညီမှုများ ပေးအပ်ခြင်းတို့၏ အရေးပါမှုကိုလည်း မီးမောင်းထိုးပြနေသည်။ အားကစားလေ့ကျင့်ခွင့်၊ အရည်အသွေးပြည့်ဝသည့် နည်းပြစနစ်များ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် လူမှုအသိုင်းအဝိုင်း၏ နားလည်လက်ခံအားပေးမှုတို့သည် မသန်စွမ်းအားကစားသမားများ၏ အရည်အချင်းကို ပိုမိုတောက်ပလာစေမည့် အခြေခံအုတ်မြစ်များဖြစ်ကြသည်။ ထူးချွန်သည့် အားကစားသမားတစ်ဦး၏အောင်မြင်မှုကို ဂုဏ်ပြုရုံသာမက နောင်လာမည့် မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများလည်း မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် အားပေးပံ့ပိုးသည့် ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်သင့်ပေသည်။

ထို့ပြင် ညီညီလင်းထက်၏ အောင်မြင်မှုသည် လူငယ်လူရွယ်များအား ပေးအပ်သည့် တန်ဖိုးရှိသော သတင်းစကားတစ်ရပ်လည်းဖြစ်သည်။ ဘဝတွင် အခက်အခဲများ ကြုံတွေ့လာသည့်အခါ လက်လျှော့အရှုံးပေးခြင်းထက် မိမိ၏ရည်မှန်းချက်ကို ပြန်လည်သုံးသပ်ကာ လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ပြီး ဆက်လက်ကြိုးစားသင့်သည်။ အောင်မြင်မှုသည် တစ်ရက်တည်းဖြင့် ရောက်ရှိလာခြင်းမဟုတ်ဘဲ နေ့စဉ်ကြိုးစားအားထုတ်မှုများကို စုစည်းတည်ဆောက်ထားသည့် ရလဒ်ဖြစ်ပြီး မိမိကိုယ်ကိုယုံကြည်မှုရှိခြင်း၊ စည်းကမ်းရှိခြင်း၊ အချိန်ကို တန်ဖိုးထားခြင်းနှင့် ရုံးနိမ့်မှုများမှ သင်ယူနိုင်ခြင်းတို့သည် အောင်မြင်မှုဆီသို့ ပို့ဆောင်ပေးမည့် အရေးကြီးသော အရည်အသွေးများဖြစ်သည်။

ညီညီလင်းထက်၏ အောင်မြင်မှုကိုကြည့်ရှုရာတွင် ကျွန်ုပ်တို့အားလုံး သင်ယူရမည့်အချက်တစ်ချက်မှာ လူတစ်ဦး၏တန်ဖိုးကို ၎င်း၏အကန့်အသတ်များဖြင့် တိုင်းတာ၍မရခြင်းပင်ဖြစ်သည်။ အမှန်တကယ် တန်ဖိုးရှိသည်မှာ မိမိ၌ရှိသောစွမ်းရည်ကိုယုံကြည်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ခြင်းနှင့် ပန်းတိုင်ရောက်သည်အထိ မဆုတ်မနစ် ကြိုးစားခြင်းတို့ဖြစ်ကြသည်။ ညီညီလင်းထက်သည် မသန်စွမ်းမှုကိုအကြောင်းပြု၍ နောက်ဆုတ်မနေဘဲ မိမိ၏စွမ်းရည်ဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပြသနိုင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

“မသန်သော်လည်း စွမ်းခဲ့သည်”။ “မလွယ်ကူသော်လည်း ကြိုးစားခဲ့သည်”။ “အခက်အခဲများရှိသော်လည်း ပန်းတိုင်ကို မျက်ခြည်မပြတ်ခဲ့ပေ”။ ထိုကြိုးစားအားထုတ်မှု၏ အသီးအပွင့်အဖြစ် ရရှိခဲ့သည့် ဆုတံဆိပ်များသည် ညီညီလင်းထက်၏ အောင်မြင်မှုကိုသာမက မြန်မာ့မသန်စွမ်းအားကစားလောကတစ်ခုလုံး၏ မျှော်လင့်ချက်နှင့် စိတ်ဓာတ်ခွန်အားကိုပါ ကိုယ်စားပြုလျက်ရှိသည်။

မြန်မာ့ဂုဏ်ကို အရှေ့တောင်အာရှနှင့် အာရှအားကစားစင်မြင့်များထက်တွင် မြှင့်တင်ပေးခဲ့သော မသန်စွမ်းရေကူးအားကစားသမား ညီညီလင်းထက်အား လှိုက်လှဲစွာ ဂုဏ်ပြုချီးကျူးအပ်ပါသည်။ ရှေ့ဆက်မည့်အားကစားခရီးလမ်းတွင်လည်း အောင်မြင်မှုများ ပိုမိုဆွတ်ခူးနိုင်ပြီး မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ဆက်လက်မြှင့်တင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်းရာသီကာလ ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းခုနစ်ကြိမ်ဖြစ်ပေါ် နိုင်ပြီး လေးကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

ည‌အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့် အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

(မြူအခြေအနေခန့်မှန်းချက်များကို လပတ်ခန့်မှန်းချက်များတွင် လအလိုက် ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။)

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၇ ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၂ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟူမွလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၅ ပေမှ ၈ ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၉ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၈ ပေမှ ၉ ပေ ခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၆ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆ ပေမှ ၉ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၄ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၃ ပေခွဲမှ ၄ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၈ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၄ ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခွဲခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **(မိုး/ဇလ)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနာ	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	ဒို့ဦးကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၅၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၀၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	၃၅၀/မမ/CE	တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း တောင်ငူမြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ တံတားအမှတ်(၂၇၅) 10' Span တံတားအား (2x20')RCC RC Box Culvert အဖြစ် ပြန်လည်တည်ဆောက်ခြင်း(နှစ်ဆက်လုပ်ငန်း)

တင်ဒါပိတ်မည့်နေ့/အချိန် - (၁၃-၁၁-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၀-၁၀-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-294352, 291994

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ (၉)လမ်း၊ အိမ်အမှတ်(၅/၉)နေ စိုးမင်းသူ(ဘ)ဦးခင်မောင်ဌေး ၁၃/ညရန(နိုင်)၀၈၃၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 948838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၁၀၀၉၀၆

ပျောက်ဆုံးကြောင်း

ဒေါ်ခင်ခင်ဝင်း(ဘ)ဦးဘိုးကြီး၊ ၁၂၊ ၁၃ လမ်း၊ အိမ်အမှတ်(၁၂၊ ၁၃)၊ ၂၂ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၄၂၅၊ ၂၉၄၂၆

ပျောက်ဆုံးကြောင်း

ဦးတင်ဝင်း(ဘ)ဦးမောင်ဘိုး၊ ၂၂၊ ၂၃ လမ်း၊ အိမ်အမှတ်(၁၂၊ ၁၃)၊ ၂၂ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၉၄၂၅၊ ၂၉၄၂၆

ပျောက်ဆုံးကြောင်း

ဒေါ်ခင်ခင်ဝင်း(ဘ)ဦးဘိုးကြီ

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

“ကဲ ကဲ မောင်မင်းတို့ သခင်မကိုမော်ဖူးကြဟဲ့”

မင်းဘုရား၏ ကြည်လင်သောအမိန့်သံနှင့်အတူ မော်ဖူးလိုက်ချိန်တွင် ယခုကဲ့သို့ နီးနီးကပ်ကပ် တစ်ကြိမ်တစ်ခါမျှ မဖူးမြော်ခဲ့ဖူးသည့် မြရောင်အကြောစိမ်းကလေးများ ရှိန်းရှိန်းထအောင် ဝင်းဝါစိုပြည်သောအသရေတော်ဖြင့် ဓမ္မစာပေကျမ်းဂန်များထဲတွင်ဖတ်ဖူးသော နတ်မိမယ်တမျှ လှပလွန်းလေသည့် လှိုင်ထိပ်ခေါင်တင် သခင်မိဖုရားကြီးကို စံနက်ကျော် ငေးစိုက်ဖူးမြော်နေခဲ့မိသည်။

“မင်းဘုရား၏ ကြည်လင်သောအမိန့်သံနှင့်အတူ မော်ဖူးလိုက်ချိန်တွင် ယခုကဲ့သို့ နီးနီးကပ်ကပ် တစ်ကြိမ်တစ်ခါမျှ မဖူးမြော်ခဲ့ဖူးသည့် မြရောင်အကြောစိမ်းကလေးများ ရှိန်းရှိန်းထအောင် ဝင်းဝါစိုပြည်သောအသရေတော်ဖြင့် ဓမ္မစာပေကျမ်းဂန်များထဲတွင် ဖတ်ဖူးသော နတ်မိမယ်တမျှ လှပလွန်းလေသည့် လှိုင်ထိပ်ခေါင်တင် သခင်မိဖုရားကြီးကို စံနက်ကျော် ငေးစိုက်ဖူးမြော်နေခဲ့မိ . . .”

အရှင်မိဖုရားကြီးက စံနက်ကျော်ကိုတစ်လှည့်၊ စောစောက မိန်းမပျိုကလေးကိုတစ်လှည့် ရှုစားကာ ပြုံးတော်မူသည်။ ကိုယ်တော်ဘုရားကြီးက စံနက်ကျော် ယာဘက်လက်နှင့် မိန်းမပျိုကလေး၏ဘယ်ဘက်လက်တို့ကို ဆန့်တန်းဆွဲယူကာ သခင်မဘုရားကြီးနည်းတူ ပြုံးရယ်တော်မူလျက်-

“ကဲ ဝင်းစုမျူး တပ်မျူးကြီး ရဲသီဟကျော်စွာ မောင်မင်းကို မောင်မင်းရဲ့သခင်မဘုရားက ဟောဒီက အပျိုတော်ခင်လွန်းနဲ့ ပေးသနားတော်မူလိုက်တယ်။ ဒါကြောင့် မောင်မင်းတို့နှစ်ယောက်ကို ကိုယ်တော်က လက်ဆက်ပေးသနားလိုက်တယ်။ သင့်တော်တဲ့ရက် တစ်ခုမှာ ကိုယ်တော်တိုင် ထိမ်းမြားပွဲဆင်နွဲပေးမယ်”

ရင်ထဲလှိုက်ဖိုစွာ ခံစားလိုက်ရသော်လည်း မျက်နှာပူ စိတ်မလုံစွာဖြင့် ဘဘဘုရားနှင့် မယ်မယ်တို့ မျက်နှာများကို စံနက်ကျော် မကြည့်ရဲဘဲရှိလေ၏။ အိမ်ရှေ့စံမင်းတရား၏မိန့်သံကြားမှ စိတ်သက်သာရာရခဲ့သည်။

“မင်းလှငယ် ယောကျ်ားကောင်းတို့မည်သည် ဇနီးမယား အဘယ်မျှပင်များများ အပြစ်ဆိုဖွယ်မရှိ ဘူးနော်။ အသိဉာဏ်ပညာအားနဲ့ စာရိတ္တကောင်းဖို့သာ လိုရင်းဖြစ်တယ်။ ဒါ့ပြင် ဒီမင်္ဂလာက ကိုယ်တော်တိုင် ချီးမြှောက်တော်မူတဲ့ ကညာဖြစ်သည့်အတွက် မောင်မင်းတို့ကလည်း မောင်မင်းတို့ရဲ့သမီးကလေးနဲ့ မခြား ချစ်ခင်စောင့်ရှောက်ကြရမယ်နော်သိရဲ့လား”

“မှန်ပါဘုရား”

“ကဲ ခင်လွန်းသခင်မက မင်းကို ဟောဒီပိတ်အုပ်များနဲ့အတူ လည်ရွဲရတနာလက်ဝတ်တော်များကိုလည်း မင်္ဂလာလက်ဖွဲ့အဖြစ် ပေးသနားလိုက်တယ်။ ရွှေမိ၊ ရွှေအိညီအစ်မကိုလည်း အိမ်တော်ပါအထိန်းတော်အဖြစ် သနားတော်မူတယ်”

နံဘေးမှ အပျိုတော်နှစ်ပါး ကိုင်ဆောင်ထားကြသောပိတ်အုပ်များနှင့် ရတနာယွန်းဘူးကိုပြလျက် ကတ္တီပါဘူးထဲမှ လက်စွပ်နှစ်ကွင်းကို တစ်ယောက်တစ်ကွင်းဝတ်ပေးသည်။ စံနက်ကျော်ကိုလည်း လွန်းပုဆိုး ပိတ်အုပ်သုံးဆယ် ပေးသနားတော်မူပြီး ကိုယ်တော်ဘုရား ခရီးဝေးမှ ကြွမြန်းတော်မူလာတိုင်း အနားယူသည့် နားနေစံအိမ်တော်အဟောင်း တစ်ဆောင်ကိုလည်း မင်္ဂလာဦးအိမ်အဖြစ် ပေးသနားတော်မူကာ အုတ်တိုက်တော်လှေကားမှ အသင့်စောင့်နေသော လူပျိုတော်သားများနှင့် အကျင့်ကောင်းအရောင်အသွေးလှသည့် မြင်းကောင်းတစ်စီးကိုလည်း တစ်ပါတည်း သနားချီးမြှင့်တော်မူလေသည်။

အရှင့်စကား မိုးကြိုးသွားကဲ့သို့ပင် အိမ်သို့ပြန်ရောက်ချိန်တွင် စံနက်ကျော်တို့ မင်္ဂလာဦးအတွက် ပြင်ဆင်ထားကြသော အိမ်တော်သို့ လူပျိုသားတို့က လိုက်လံပို့ဆောင်ခဲ့ကြလေသည်။ မင်းခြေ မင်းအနားခစားလာသည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်၍ ဘဝရှင်မင်းတို့၏သဘောကိုလည်း နားလည်ထားသည့် မင်းလှနော်ရထာ ဦးကျော်ရွှေးတို့မောင်နှံကိုယ်တိုင်ကလည်း အဆောင်အယောင်များနှင့်တကွ မင်္ဂလာအိမ်သို့လိုက်လာ နေရာချ စီစဉ်ပေးကြရာလေသည်။

အရှင်ပေးသနား၍သာ ရရပါသည့် ခင်လွန်းကလေးမှာ အိမ်ရှိမယား ရှင်မိဉာဏ်ပင် ငယ်ရွယ်နုနယ်ပြီး မျက်လုံးကလေး၌ မြင်နေရသည့် ရိုးသားသောအရိပ်ကလေးများ အရှင်ပေးသနားသောလင်ကို အားကိုးယုံကြည်စွာချစ်နေသည်မှာ စံနက်ကျော်ခံစားလို့ရနေသည်။ ခင်လွန်း၏ဘဝအစစ်အမှန်မှာ ရှမ်းအနွယ်တော်စော်ဘွားကြီးသမီးဖြစ်ကာ လက်ရှိမိုင်းကိုင်စော်ဘွား ကမ္ဘောဇအဘာယရာဇာ ဗိုလ်စိုင်းနော်၏ နှမတော်တစ်ပါးဖြစ်ပြီး ပါးအို့နီနီကလေးဖြင့် အင်မတန် ချောမောလှပသော ရှမ်းပျိုမယ်လေးဖြစ်သည်။

အရှင်ဥပရာဇာကိုယ်တော်ကြီးက မြေနန်းဘုံသာစံနန်းတော် လွတ်တော်အနီး နွေရာသီအေးရိပ်စံထန်းလက်ရံတဲကြီးသို့ ကြွမြန်းတော်မူကာ ဝန်ထောက်မှူးမတ်အရာရှိတို့နှင့် သဿမေဓအမှူများမှစ၍ နန်းတွင်းရေးမှူ မင်းမှူ စိုးမှူ အစုစုတို့ကို စည်းဝေးပြောဆိုကြားနာတော်မူလေသည်။

အိမ်ရှေ့မိဖုရားခေါင် လှိုင်ထိပ်ခေါင်မင်းသမီးကြီးက နောက်တော်ပါအပျိုတော်၊ အထိန်းတော်တို့နှင့် တကွ စံအိမ်တော်သို့ ကြွသွားတော်မူလေလျှင် စံနက်ကျော်လည်း မယားအလှလက်ကိုဆွဲ၍ မင်္ဂလာလက်ဖွဲ့စံအိမ်သို့ မင်္ဂလာအချိန်ယူကာ တက်ခဲ့လေတော့သည်။

အသစ်စက်စက် ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စကားပင် ဟဟမပြော ဖြစ်ကြသေးဘဲ လေသာဆောင်မှ ခပ်ဝါးဝါးလှမ်းမြင်နေရသော ဥယျာဉ်တော်ပတ်လမ်းဘက်သို့ မျှော်ကြည့်နေစဉ် အော်သံဟစ်သံတို့နှင့်အတူ စစ်သည်ရဲမက် အချို့နှင့် လူပျိုသားအချို့ ပြေးလွှားထိုးခုတ်နေကြသည်ကို တွေ့ရလေသည်။ စံနန်းတော်တောင်ဘက် အရပ်ကြီးမှလည်း မီးတောက်မီးလျှံကြီးများ အုံ့မည်းတက်လာရာ အမင်္ဂလာအရေးတော်ကား ပေါ်ချေပြီ။ အရိပ်အခြည်ကို ချက်ချင်းနားလည်လိုက်သော စံနက်ကျော် ခင်လွန်းလက်ကိုဆွဲကာ စံအိမ်ပေါ်မှ အပြေးဆင်းခဲ့လေသည်။

“ဟင် ခင်လွန်း လာလာ အမြန်လာ နှမတော် ဘဘဘုရားတို့အိမ်ပြေးရမယ်”

“ဟေး ဆရိုင်သူခေါင်းမပြုတ်ချင်ရင် တစ်ယောက်မှ မကပ်ကြနဲ့၊ မြင်ကွန်းမင်းသား စံအိမ်တော်သားကွ . . . ယား”

လမ်းပေါ်တွင် ပြေးလွှားနေကြသူအချို့နှင့် ဓားလွတ်များကိုင်ဆောင်ကာ အော်ဟစ်ကြိမ်းဝါးနေကြသော မြင်ကွန်းမင်းသား၏လူများကို မြင်လေလျှင် ခင်လွန်းလက်ကိုဆွဲပြီး ပုဏ္ဏရိုက်ပင်များအကြားမှ ခြံစည်းရိုးကိုကျော်ကာ ဘဘုရားအိမ်အတွင်းသို့ စံနက်ကျော် အပြေးဝင်ခဲ့လေသည်။

ဆက်လက်ဖော်ပြပါမည်။

ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေး အသိပညာပေးဟောပြော

ပေါင်းတည် အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်စေရေးအတွက် ရည်ရွယ်၍ တောင်သူအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၈ ရက်က ကျွန်းကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးမင်းက ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲပုပ်အပါအဝင် ပဲမျိုးစုံပန်းပွင့်ချိန်တွင် အစေ့အဆန်များ ပရိတင်းဓာတ်ပြည့်ဝစေရန် နိုက်ထရိုဂျင်ဓာတ်သည် အလိုအပ်ဆုံးဖြစ်ပြီး အစေ့တစ်ဂရမ်ထုတ်လုပ်ရန် နိုက်ထရိုဂျင် ၃၉ မီလီဂရမ်ခန့် လိုအပ်ကြောင်း၊ အကျိုးသက်ရောက်မှုမှာ ပန်းပွင့်ချိန်ပိုမိုကြာရှည်စေပြီး အထွက်နှုန်းကောင်းမွန်စေကြောင်း၊ အရည်အသွေးမြင့် အစေ့အဆန်ထုတ်လုပ်ပေးနိုင်ရန် စိုက်ခင်းတစ်ဧကတွင် တစ်ရက်လျှင် နိုက်ထရိုဂျင် ၃ ကီလိုဂရမ်အထိ လိုအပ်ကြောင်း၊ ထို့ပြင် မြေအချဉ်ဓာတ်ကို ချေဖျက်ရန် ပန်းပွင့်ချိန်ကာလတွင် လက်ချားဓာတ်(ခေါ်) ဘိုရွန်ဓာတ်ဖြည့်တင်းပေးရန်လိုအပ်ကြောင်း၊ ပန်းပွင့်ချိန်မှ သီးကင်းဝင်စအချိန်ထိ နိုက်ထရိုဂျင်နှင့် လက်ချားဓာတ်ကို တစ်ကြိမ်ပက်ဖျန်းပေးခြင်းဖြင့် အထွက်နှုန်းတိုးလာနိုင်ကြောင်း စသည်ဖြင့် တောင်သူများအား အသိပညာပေးဟောပြောသည်။

ယင်းနောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

ရွှေသား(IPRD)

ရန်ကုန်တိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၉

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စံချိန်တင် အပူလှိုင်းကျရောက်မှု၊ အရေးပေါ် ရေပြတ်လပ်မှုနှင့် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (YCDC)မှ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၏ပြောကြားချက်အရ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေပြည်သူလူထုအတွက် အဓိကရေအရင်းအမြစ်များ ဖြစ်သော လှော်ကားရေလှောင်ကန်၊ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)၊ လဝွန်းပြင် ရေသန့်စင်စက်ရုံ၊ သဲဖြူနှင့် ရန်ကုန်ပေါက် မြေအောက်ရေပေးဝေရေးစခန်းတို့မှတစ်ဆင့် နေ့စဉ်ရေဂါလန် ၂၄၄ သန်းကို ဖြန့်ဝေပေးလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေချိန်ရရှိမှု နည်းပါးလာ၍ လှော်ကားရေလှောင်ကန်၏ ရေမျက်နှာပြင် တစ်နှစ်ထက်တစ်နှစ် ပိုမိုကျဆင်းလာမှုကို ကုစားနိုင်ရန် တစ်ရက်လျှင် ရေဂါလန် သန်း ၆၀ အထိ ဖြည့်တင်းပေးနိုင်မည့် လှိုင်မြစ်-လှော်ကားရေအားဖြည့်စီမံကိန်းမှ လှော်ကားရေလှောင်ကန်သို့ သန့်စင်ပြီးရေများ စဉ်ဆက်မပြတ် ဖြည့်တင်းပေးလျက်ရှိသည်။

“ဂျိုးဖြူရေလှောင်ကန်နဲ့ ဖူးကြီးရေလှောင်ကန်တို့မှာ ကန်ရေပြည့်သို့ သိုလှောင်ထားပြီးဖြစ်တဲ့အပြင် လှော်ကားရေလှောင်ကန်မှာလည်း ရေလုံလောက်စွာ သိုလှောင်ထားပြီးဖြစ်ပါတယ်။ ဒီနှစ် အောက်တိုဘာလကနေ လာမယ့်နွေရာသီ ၂၀၂၇ ခုနှစ် ဧပြီလကုန်အထိ ရန်ကုန်မြို့တော်အတွက် ရေလုံလောက်စွာ ပေးဝေနိုင်မယ့်အခြေအနေမှာရှိပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးကပြောသည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် အရေးပေါ်ရေပြတ်လပ်မှုအခက်အခဲများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် ရေဂါလန် ၂၅၀၀၀ မှ သန်း ၂၀ အထိဆုံသော ထပ်ဆင့်ရေစုကန်ကြီး ၄၇ ကန်ဖြင့် ရေစုဆောင်းထားကြောင်း၊ မြို့နယ် ၁၁ မြို့နယ်၌ ရေအားဖြည့်အဝိစိတွင်း စုစုပေါင်း ၁၁၂ တွင်း တူးဖော်စီစဉ်ထားပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ချိန်တွင် ရေပေးဝေနိုင်ရေးအတွက် မီးစက်များကိုပါ တစ်ပါတည်းစီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် မြေသားမိုးရေစုကန် ၆၉၇ ကန်အား တူးဖော်ခြင်းနှင့် ဆယ်ယူထိန်းသိမ်းခြင်းများဆောင်ရွက်ထားပြီး ယင်းတို့အနက်မှ ကန် ၃၀ တွင် ဆိုလာရေသန့်စင်စနစ်များ တပ်ဆင်ထားကြောင်း၊ ယင်းပြင် အရေးပေါ်ရေပေးဝေရေးစခန်း ၁၆ ခု ဖွင့်လှစ်ထားပြီး ရေခက်ခဲသောဒေသများသို့ သောက်သုံးရေဖြန့်ဝေပေးနိုင်ရန် ရေသယ်ယာဉ် ၄၁ စီးကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။ **ဝန်းရံခ**

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ လက်ဆင့်ကမ်းအမွေ အစီအစဉ်အဖြစ် အသက် ၆၈ နှစ်ရှိ သဘင်ပညာရှင်ကြီး ဦးချမ်းသာနှင့် အသက် ၆၂ နှစ်ရှိ သဘင်ပညာရှင်ကြီး ဒေါ်နန်းခင်မွေးတို့နှင့်အတူ လက်ဆင့်ကမ်းအမွေကိုဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်များဖြစ်ကြသည့် သဘင်ပညာရှင် ရွှေတံဆိပ်များရှင် တက္ကသိုလ်အားမာန်နှင့် ဝင်းသပြေထွန်း(ယဉ်ကျေးမှု)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ ကရင်ပြည်နယ်မှ မောင်မင်းကျဉ်ဇော်ချမ်းနှင့် အခြေခံပညာအဆင့် (အသက် ၁၅နှစ် မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲပထမဆုရ ရှမ်းပြည်နယ်မှ မချောစုထွေးတို့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၉

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကိုယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာမျက်နှာ ၅ ကော်လံ ၁ ❍

40th ASEAN Senior Amateur Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာစီနီယာအပျော်တမ်း ဂေါက်သီးရိုက်အသင်း တံခွန်စိုက်ချန်ပီယံဆု အပါအဝင် အောင်မြင်မှုများရရှိ

စာ - ၁၈ သို့

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲများ ကျင်းပ

စာ - ၂၀ သို့



M League 2026 U-20 လူငယ်လိဂ် ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရ

ရန်ကုန် အောက်တိုဘာ ၂၉

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁) နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သီဟဒီပအားကစားကွင်းနှင့် ဗဟန်းကွင်းတို့၌ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၄ ➢

တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

အလေးမအားကစားအဆင့် အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ

စာမျက်နှာ ၂၀ ကော်လံ ၃ ▲



နိုင်ငံတကာသတင်း

စာ - ၂၅ သို့

ဖူးခက်တွင်ရေကြီးမှုကြောင့် အနီရောင်အဆင့်သတိပေးချက် ထုတ်ပြန်

တရုတ်၏ စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကို ၂၀၂၇ ခုနှစ်တွင် ရေချနိုင်ဖွယ်ရှိဟုဆို

ပလူတိုဂြိုဟ်နောက်ပိုင်းတွင် ဂြိုဟ်ကဲ့သို့ အရာဝတ္ထုကို ရှာဖွေတွေ့ရှိ